## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၁၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

[တနင်္လာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၃၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ လျှပ်စစ်ဥပဒေကြမ်း အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ဇနီးသည်ကွယ်လွန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကျန်းမာရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုကိစ္စ။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ မိသားစုကိစ္စ။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ မိသားစုကိစ္စ။ ဦးရှုမောင်၊ ရှမ်း(၈)၊ ဆေးစစ်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊

ချင်း(၃)၊ ကျန်းမာရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးတင်မောင်ဝင်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်၊ သင်တန်း။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ မိသားစုကျန်းမာရေး။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ရေနံချောင်းမြို့နယ်၊ နဂါးကျေးရွာအုပ်စု၊ နဂါးရွာမ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ်၊ နဂါးကျေးရွာအုပ်စု၊ နဂါးရွာမ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ နဂါးကျေးရွာအုပ်စု၊ နဂါးရွာမရှိ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ နဂါးကျေးရွာအုပ်စု၊ နဂါးရွာမရှိ အခြေခံပညာမူလတန်းလွန်ကျောင်းဟာ ရေနံချောင်းမြို့ရဲ့ အရှေ့တောင်ဘက် (၂၅)မိုင်အကွာမှာ တည်ရှိပြီးတော့ ပညာရေးဌာနရဲ့ ခွင့်ပြုချက်အရ ၁-၆-၂၀၀၅ ရက်နေ့မှပြီးတော့ ယနေ့အထိ နှစ်ပေါင်း(၉)နှစ်နီးပါးကြာအောင် စဉ်ဆက်မပြတ်ကြိုးပမ်း ဖွင့်လှစ်ခဲ့တဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ အဆိုပါ နဂါးရွာမမှာ အိမ်ခြေ(၂၇၉)အိမ်၊ လူဦးရေ(၁၄၂၇)ဦးနဲ့ ပတ်ဝန်းကျင် မှီခိုကျေးရွာများဖြစ်တဲ့ ရွာသစ်၊ ဇီးဖြူကုန်း၊ ကန်လှ၊ ထနောင်းလှ၊ တည်ပင်၊ အင်တိုင်းကျေးရွာတို့ရဲ့ ပညာရေးမှီခိုအားထားရာ ကျောင်းတစ်ကျောင်းဖြစ်တဲ့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသားအင်အား (၃၃၃)ဦးရှိပြီးတော့ အလယ်တန်း

ကျောင်းသား(၁၀၀)ဦးရှိခြင်း၊ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ရန် ကျောင်းဆောင်ဆောက်လုပ်ထားရှိပြီးဖြစ်ခြင်း၊ ကျောင်းသုံးပရိဘောဂပြည့်စုံခြင်း၊ လုံလောက်သော ကျောင်းအကျယ်အဝန်းနှင့် ကျောင်းအားကစားကွင်းရှိခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူလူထုမှ ပညာရေးကိုလိုလားမှုရှိခြင်း၊ နဂါးရွာမကျေးရွာအုပ်စုရှိ အနီးပတ်ဝန်းကျင် ကျေးရွာ(၅)ရွာမှ ကျောင်းသား/ကျောင်းသူများ လာရောက်ပညာသင်ကြားခွင့် ရရှိနိုင်ခြင်းတို့ကြောင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စပြီးတော့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးသင့်ကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ နဂါးရွာမကျေးရွာရှိ မူလတန်းလွန်ကျောင်းအား နဂါးကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး၏ ထောက်ခံတင်ပြချက်၊ မြို့နယ်ပညာရေးမှူး၏ ထောက်ခံတင်ပြချက်၊ ရေနံချောင်းမြို့နယ် ပညာရေးမှူး၏ ကွင်းဆင်းစစ်ဆေးထောက်ခံချက်၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များဖြင့် မြို့နယ်ပညာရေးမှူးရုံး၊ ရေနံချောင်းမြို့ရဲ့ ၁၄-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁/(ဦး)၁/၂၀၁၃ ဖြင့်၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီးသို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ရေး အဆိုပြုလွှာ ပေးပို့ခဲ့ပြီးလည်း ဖြစ်ပါတယ်။ နဂါးရွာမဟာ ကျေးရွာအုပ်စုရွာကြီး ဖြစ်တဲ့အပြင် ၎င်းရွာမှာရှိတဲ့ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးသင့်တဲ့အတွက် ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

ကျေးရွာအုပ်စုရွာကြီးဖြစ်သော နဂါးရွာမရှိ မူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) တိုးမြှင့်ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်မှစပြီး အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်(၇)ခု တည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း က မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်(၇)ခု တည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဉာဏ်လင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်(၇)ခု တည်ထောင်ဖွင့်လှစ်သွားမယ်လို့ သိရှိရပါတယ်။

တက္ကသိုလ် သို့ တက်ရောက်ကြမယ့် လူငယ်များ၊ မိဘများက အထူးစိတ်ဝင်စားလျက်ရှိကြတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဝန်ကြီးဌာန(၁၃)ခုလက်အောက်မှာ တက္ကသိုလ် (၁၆၉)ခု ရှိပြီး၊ ၎င်းတို့အနက် တက္ကသိုလ်(၃)ခုဟာ ၂၀၁၀ ပြည့်နှစ်မှ စတင်ပြီးတော့မှ ASEAN University Network - AUN သို့ ဝင်ရောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက် နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ် (National University) (၇)ခု တည်ထောင်သွားဖို့ စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ သိရှိရပါတယ်။ နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ် (၇)ခုကို ရန်ကုန်တိုင်းဒေသကြီးမှာ(၃)ခု၊ မန္တလေးတိုင်းဒေသကြီးမှာ(၃)ခုနဲ့ နေပြည်တော်မှာ (၁)ခု တည်ထောင်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်များကို နိုင်ငံတော်ရဲ့ အချက်အချာကျတဲ့ ဒေသများမှာ တည်ထောင်နိုင်ပါက တက္ကသိုလ်များ တစ်ခုနဲ့တစ်ခု ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီး၊ အဆင့်မြင့်ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

ရန်ကုန်အမျိုးသားတက္ကသိုလ် တည်ထောင်ရာမှာ ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်တချို့ကို စုစည်းကာ ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး၊ ဆေးပညာ၊ နည်းပညာ၊ ကွန်ပျူတာ စတဲ့ အထူးပြုဘာသာရပ်များ ဆိုင်ရာများကို ထည့်သွင်းဖွင့်လှစ်ကာ National University of Yangon အမည်ရှိ ရန်ကုန် အမျိုးသား တက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီ တည်ထောင်ဖွင့်လှစ်သွားဖို့ စီစဉ်ထားရှိသလို National University of Mandalay, National University of Nay Pyi Taw စသည်တို့ကိုလည်း တည်ထောင်သွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ နိုင်ငံတကာအဆင့်မီ အမျိုးသားတက္ကသိုလ်များအား ပြည်တွင်းရှိ တက္ကသိုလ်များနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမှာဖြစ်ပြီး၊ နိုင်ငံတကာတက္ကသိုလ်များနဲ့လည်း ပညာရပ်ဆိုင်ရာ တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်းပဲ သိရှိရပါတယ်။ နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်သွားမယ့် အစီအစဉ်များနဲ့ ပတ်သက်လို့ တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ကြမယ့် လူငယ်များနဲ့ ၎င်းတို့ရဲ့ မိဘများက အထူးစိတ်ဝင်စားလျက်ရှိကြပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများ ကြိုတင်သိရှိဝမ်းမြောက်နိုင်ဖို့အတွက် နိုင်ငံတော်အဆင့် အမျိုးသား တက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်သွားမယ့် အစီအစဉ်များ၊ ဖွင့်လှစ်နိုင်မယ့် အချိန်ကာလတို့ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား ရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သ ဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကိုယ်စားလှယ်တော်ကြီး(၂)ဦးရဲ့ မေးခွန်းများကို ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ နဂါးကျေးရွာအုပ်စု၊ နဂါးရွာမရှိ အခြေခံ ပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေး နိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဦးစွာရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးအဆင့်အတန်း မြင့်မားဖို့အတွက် နိုင်ငံတော်အစိုးရကရော၊ ပညာရေးဝန်ကြီးဌာနကပါ အားသွန်ခွန်စိုက် ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အခြေခံ Parameter ဖြစ်တဲ့ ကျွန်တော်တို့ ကျောင်းအပ်နှုန်းတို့၊ ကျောင်းနေနှုန်းမြဲရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာ မှာ တစ်နည်းအားဖြင့် ကျောင်းအဆင့် တိုးခြင်းတွေလည်း ပါပါတယ်။ ကျောင်းအဆင့် တိုးမြှင့်ခြင်းများကို ဆောင်ရွက်ရာမှာ သက်ဆိုင်ရာဒေသမှာရှိတဲ့ မြေပြင်အနေအထားတွေကို စစ်ဆေးကြည့်ရှု ရပါတယ်။ အဲဒီလို စစ်ဆေးကြည့်ရှုတဲ့အခါမှာ အခု ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ကျောင်းဟာ ကျောင်းသား ဦးရေအားဖြင့်တော့ ကျွန်တော်တို့ နည်းနေသော်လည်းပဲ၊ ဒေသတ္တရအခြေအနေအရ မူလ တွဲထားတဲ့ ကျောင်း၊ အလယ်တန်းကျောင်း Child နဲ့ ဆိုရင် (၄)မိုင်ကွာဝေးတဲ့အတွက် ဒီ ကျွန်တော်တို့ ရေနံချောင်း မြို့နယ်၊ နဂါးရွာမ အခြေခံမူလတန်းကျောင်းမှာ အဲဒီဒေသမှာရှိတဲ့ ကလေးများဟာ အလယ်တန်းပညာ တွေကို ဆက်လက်သင်ယူခြင်းအားဖြင့် Intention Rate တက်လာနိုင်အောင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ်နဲ့ ၅-၆-၂၀၁၄ ရက်နေ့မှာ အဆင့်တိုးမြှင့်ပေးပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်း ရဲ့ မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ်(၇)ခု တည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်နိုင်ဖို့အတွက် ကျွန်တော်တို့ CESR လို့ခေါ်တဲ့ ဒီ မြန်မာနိုင်ငံပညာရေး အတွက် ဒီလေ့လာသုံးသပ်ချက်များကို ကျွန်တော်တို့ ၂၀၁၁ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ကျွန်တော်တို့ ဘက်စုံလွှမ်းခြုံနိုင်သော ဒီ ပညာရေးလေ့လာမှု အစီရင်ခံစာအရ ကျွန်တော်တို့ဟာ ယခုအချိန်မှာတော့ ကျွန်တော်တို့ အဆင့်မြှင့်ပညာကဏ္ဍအောက်မှာရှိတဲ့ တက္ကသိုလ်

များကို အာဆီယံနိုင်ငံဒေသများရဲ့ ပညာရည်အဆင့်အတန်းနဲ့ တန်းတူရှိစေရေးအတွက် လက်ရှိတက္ကသိုလ်များကို အဆင့်မြှင့်တင်ပြီး၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန်အတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့ဟာ ဗဟိုဦးစီးစနစ် မဟုတ်ဘဲနဲ့ (Decentralization) လို့ခေါ်တဲ့ ပညာရေးဝန်ကြီးဌာနကသော် လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော် လည်းကောင်း ဘာတွေကိုလုပ်မယ်ဆိုတဲ့ မူဝါဒတွေ ချမှတ်ထားခြင်းမျိုး မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ပညာရေးကို စိတ်ဝင်စားသော Stakeholders အားလုံးပူးပေါင်းပြီးတော့ အကြံဉာဏ်ပေးပြီးတော့ ဆောင်ရွက်နိုင်မယ့် ကျွန်တော်တို့ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကြီးကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာလည်း ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နဲ့ အံဝင်ခွင်ကျဖြစ်စေမယ့် ပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့အတွက် ကျွန်တော်တို့ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၊ ပညာရှင်များ၊ Stakeholders များအားလုံး ပါဝင်ဆွေးနွေး ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ (၉၉)ကြိမ်မြောက် ဒါ ကျွန်တော်တို့ Stakeholders အားလုံးပါတဲ့ ကျွန်တော်တို့ Work Shop တွေ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ အကြိမ်(၁၀၀)မြောက်ကတော့ ဒါ အမျိုးသားအဆင့် ကျွန်တော်တို့ နေပြည်တော် MICC မှာ ဆောင်ရွက်ခဲ့ပြီးတော့ အဲဒီမှာ Stakeholders အားလုံးရဲ့ ဒါ ညှိနှိုင်းသဘောတူညီချက်အရ အမျိုးသားဥပဒေမူကြမ်းကို ရေးဆွဲပြီးတော့ လွှတ်တော်အဆင့်ဆင့်ကို တင်ပြထားပြီး ဖြစ်ပါကြောင်းလည်း ဒီနေရာမှာ တင်ပြလိုပါတယ်။

အမျိုးသားပညာရေးဥပဒေမူကြမ်းကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းပြီးပါက ဒီအမျိုးသားပညာရေးဥပဒေနဲ့ ဆက်စပ်တဲ့ Sectorial Law လို့ ခေါ်တဲ့ ကျွန်တော်တို့ ဒီတက္ကသိုလ်များအတွက် လိုအပ်တဲ့ အဆင့်မြင့်ပညာရေးဥပဒေ၊ ၎င်းနဲ့ ဆက်စပ်တဲ့ အခြေခံပညာရေးဥပဒေ၊ အဲဒီအပြင် ပုဂ္ဂလိကကဏ္ဍကိုပါ အားပေးဖို့အတွက် ပုဂ္ဂလိကကဏ္ဍ ဥပဒေများကို ဆက်လက်ရေးဆွဲနိုင်ရေးအတွက် ကျွန်တော်တို့ ဥပဒေပညာရှင်များ၊ Stakeholders များနဲ့ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ဖွင့်လှစ်ထားရှိတဲ့ တက္ကသိုလ်(၁၆၉)ခုကို နိုင်ငံတကာအဆင့်မီတက္ကသိုလ်များ ဖြစ်စေရေးအတွက် ပေါ်ထွန်းလာမယ့် အမျိုးသားပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေတို့မှာ ပါရှိတဲ့ မူဝါဒလုပ်ငန်းစဉ်၊ ပြဋ္ဌာန်းချက်များနဲ့အညီ တက္ကသိုလ်များ ပေါင်းစည်းခြင်း၊ သီးခြားရပ်တည်ခြင်း၊ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည့် တက္ကသိုလ်များအဖြစ် ရပ်တည်ခြင်းစတဲ့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ရှိပါတယ်။ အဲဒီ လုပ်ငန်းစဉ်တွေအတွက် အဆင့်အသီးသီး၊ နယ်ပယ်အသီးသီးမှာ လိုအပ်တဲ့ အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆက်လက်ဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမမှာလည်း ကျွန်တော်တို့ Working Group (၁၈)ဖွဲ့နဲ့ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေမူကြမ်းကို တင်ပြီးတဲ့ နောက်ပိုင်းမှာလည်း လိုအပ်တဲ့ Sectorial Law တွေ ရေးဆွဲဖို့အတွက် နေ့မနား၊ ညမအား ဆက်လက်ရေးသား ဆောင်ရွက်လျက်ရှိကြောင်း အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍကိုလည်း ကျွန်တော်တို့ လိုအပ်တဲ့ ဥပဒေများ ပေါ်ထွန်းရေးအတွက်

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ဒီ Task Force များ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်းလည်း ဒီမှာ အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြသွားပါတယ်။ ပညာရေးကဏ္ဍနဲ့ ပတ်သက်တဲ့ ဝန်ကြီးဌာနကတော့ (၁၃)ခုရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအသီးသီးက ကိုယ်စားလှယ်တွေရော၊ ကျွန်တော်တို့ Stakeholders အားလုံးရော၊ ပညာရှင်များရော၊ ပညာရေးကို စိတ်ဝင်စားသော ပြည်သူများ အားလုံးပါဝင်နိုင်ရေးအတွက် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ကျွန်တော်တို့ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်(၁၆၉)ခုကို ပေါင်းစည်းထားတဲ့ အမျိုးသားတက္ကသိုလ်(၇)ခု သတ်မှတ်နိုင်ရေးအတွက်၊ ဒီမှာတော့ သတ်မှတ်နိုင်ရေးလို့ ဆိုတာထက် ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ဆဲပဲ ရှိပါတယ်။ ပေါင်းစည်းထားတဲ့ ဒေသန္တရအဆင့် တက္ကသိုလ်များနဲ့ ဝန်ကြီးဌာနအောက်မှာ သီးခြားရပ်တည်မယ့် တက္ကသိုလ်များအဖြစ် ရပ်တည်နိုင်ဖို့ အတွက် လိုအပ်တဲ့ ကိစ္စရပ်များကို အဆင်သင့်ဖြစ်နိုင်ဖို့အတွက်၊ ဒါက ကျွန်တော်တို့ စီမံခန့်ခွဲမှုကို Autonomy ပေးမယ်ဆိုရင် ပါမောက္ခချုပ်များ၊ ပါမောက္ခများဟာ လိုက်လျောညီထွေရှိတဲ့ ကျွန်တော်တို့ ဒီ Administration နဲ့ ဒီ Budget and Plan ကို သွားရမှာ ဖြစ်တဲ့အတွက် ဒါတွေကိုလည်း ကျွန်တော်တို့ တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါတယ်။ Capacity Building ကိုလည်း အရည်အသွေးမြင့်မား အောင်ဆောင်ရွက်လျက်ရှိကြောင်း ဒီနေရာမှာ တင်ပြလိုပါတယ်။

အဆိုပါ Stakeholders များဖြစ်တဲ့ ပါမောက္ခချုပ်များ၊ ပါမောက္ခများနဲ့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီးတော့ ကျွန်တော်တို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ လွှတ်တော်အဆင့်ဆင့်ကို တင်သွင်းထားတဲ့ အမျိုးသားပညာရေး ဥပဒေကို အတည်ပြုပြီး၊ နောက်ဆက်တွဲ ဥပဒေတွေဖြစ်တဲ့ တစ်နည်းအားဖြင့် Sectorial Law တွေဖြစ်တဲ့ ကဏ္ဍအလိုက် ဆက်လက်ဆွဲမယ့် အဆင့်မြင့်ပညာရေးဥပဒေ ရေးဆွဲအတည်ပြုပြီးမှသာလျှင် စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**GSM Telephone အပါအဝင် WCDMA, CDMA 800 MHz အသုံးမပြုနိုင်သောနေရာဒေသများတွင် လိုအပ်သော Tower တိုင်နှင့်ကိရိယာများ တည်ဆောက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က GSM Telephone အပါအဝင် WCDMA, CDMA 800 MHz အသုံးမပြုနိုင်သော နေရာဒေသများတွင် လိုအပ်သော Tower တိုင် နှင့် ကိရိယာများ တည်ဆောက် တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် အနေနဲ့ GSM Telephone အပါအဝင် WCDMA, CDMA 800 MHz အသုံးမပြုနိုင်သော နေရာဒေသ များမှာ လိုအပ်သော Tower တိုင်နှင့် စက်ကိရိယာများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟားခါး-မတူပီလမ်းပေါ်မှာရှိနေတဲ့ ကျေးရွာ (၂၀)ရွာခန့်မှာလည်းကောင်း၊ ဟားခါး-ဂန့်ဂေါလမ်းပေါ်မှာရှိနေတဲ့ ပတ်ဝန်းကျင်ကျေးရွာ (၁၀)ရွာခန့် မှာလည်းကောင်း GSM WCDMA နဲ့ CDMA 800 MHz တယ်လီဖုန်းများ ဆက်သွယ်အသုံးပြု၍ မရကြောင်းကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းတဲ့အခါမှာ ပြည်သူလူထုမှ တင်ပြလာကြပါတယ်။ ဒီကိစ္စအနေနဲ့လည်း ဟားခါးမြို့နယ်တစ်ခုတည်း မဟုတ်ဘဲနဲ့ ဥပမာ - ပလက်ဝမြို့နယ်ကိုပါ မရဘဲ ဖြစ်နေကြောင်းကို ကျွန်တော် ကြားသိရပါတယ်။ ထို့အပြင် GSM ဖုန်းနဲ့ ဟားခါးမြို့ပေါ်မှာ အခြားမြို့ များသို့ ခေါ်ဆိုရာ၌ လည်းကောင်း၊ အခြားမြို့များမှ ဟားခါးမြို့သို့ ခေါ်ဆိုရာ၌လည်းကောင်း အသံ ကြည်လင်ပြတ်သားမှု မရှိခြင်း၊ ဖုန်းခေါ်နေတဲ့အချိန်မှာလည်း လိုင်းပြုတ်ကျခြင်း စသည့်အကြောင်းအရာ များအတွက် သက်ဆိုင်ရာဌာနများမှ ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် မရှိတာကို ချင်းပြည်နယ်၊ ဟားခါးမြို့တော်နှင့် ဒေသခံကျေးရွာများရှိ ပြည်သူလူထုများမှာ အားမလို အားမရ ဖြစ်နေကြပါတယ်။ SIM Card များ ရောင်းချပေးခြင်းနှင့်အညီ လိုင်းတိုးချဲ့မှု တာဝါတိုင် တိုးချဲ့တည်ဆောက်မှု အားနည်းနေတယ် လို့ သုံးသပ်ရပါတယ်။

ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းများဖြစ်သော (က) ဟားခါး-ဂန့်ဂေါလမ်းပိုင်း ဘုံဇွန်းကျေးရွာ မှ ရွာဗန်းကျေးရွာအထိ ပတ်ဝန်းကျင်ကျေးရွာများ ဟားခါး-မတူပီလမ်းပေါ်ရှိ ဖုန်းဆက်သွယ်မှု မရရှိ သေးသော ကျေးရွာ(၂၀)ရွာခန့်အတွက် နိုင်ငံတော်အစိုးရမှ လိုအပ်သော စက်ကိရိယာများ တပ်ဆင် ပေးရန် အစီအစဉ် ရှိ/ မရှိ။ (ခ) ဟားခါးမြို့ပေါ်မှာ ဆက်သွယ်ရာ၌ အသံကြည်လင်ပြတ်သားမှု မရှိခြင်း၊ ခေါ်ဆိုနေချိန်မှာလည်း လိုင်းပြုတ်သွားရခြင်း စသည်တို့ကို အကြောင်းရင်းများကို လိုအပ်သော စက်ကိရိယာများ ဖြည့်ဆည်းတပ်ဆင်ပေးမှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ (ဂ) ဆောင်ရွက် ပေးရန် အစီအစဉ် ရှိပါက ဆောင်ရွက်ပေးမည့် အချိန်ကာလ။ (ဃ) ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကလည်း မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာများရှိ ပြည်သူလူထုများကိုယ်စား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၈။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း လေးစားစွာ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ GSM တယ်လီဖုန်း အပါအဝင် WCDMA, CDMA 800 MHz အသုံးမပြုနိုင်တဲ့ နေရာဒေသများမှာ အသုံးပြုနိုင်ရန် လိုအပ်တဲ့ Tower တိုင်များ တည်ဆောက်ပေးရေးနဲ့ လိုအပ်တဲ့ စက်ကိရိယာများ တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ ချင်းပြည်နယ်တွင်းမှာ ဟားခါး၊ တီးတိန်၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပလက်၊ ပလက်ဝ စတဲ့ မြို့ပေါင်း (၇)မြို့မှာ Radio စခန်းပေါင်း(၉)ခု တည်ဆောက်ထားပြီးတော့ WCDMA စခန်း(၂)ခု၊ GSM စခန်း (၆)ခု၊ CDMA 450 စခန်း (၆)ခုတို့ကို တပ်ဆင်ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လက်ရှိဆောင်ရွက်နေတဲ့ GSM, UMTS မိုဘိုင်းတယ်လီဖုန်းလိုင်းအသစ် (၁)သန်းနဲ့ အစားထိုး လဲလှယ်တပ်ဆင်ခြင်း (၃)သန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းဖြင့် ဟားခါးမြို့နယ်မှာ စခန်း(၃)ခု၊ တီးတိန်မြို့နယ်မှာ စခန်း(၁)ခု၊ ထန်တလန်မြို့နယ်မှာ စခန်း(၂)ခု၊ မင်းတပ်မြို့နယ်မှာ စခန်း(၂)ခု၊ ဖလမ်းမြို့နယ်မှာ စခန်း(၂)ခု စုစုပေါင်း မိုဘိုင်းရေဒီယိုစခန်း(၁၀)ခု ထပ်မံတည်ဆောက်လျက်ရှိပါတယ်။ အဆိုပါစခန်းများရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၄ ခုနှစ်၊ ဖွန်လအကုန်မှာ အပြီး တည်ဆောက်နိုင်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက် ရှိပါတယ်။ ရေဒီယိုစက်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်းများကို စက်ပစ္စည်းလက်ဝယ် ရောက်ရှိမှုအပေါ် မူတည်ပြီးတော့ ဟားခါး၊ မင်းတပ်နဲ့ ထန်တလန်မြို့များမှာ GSM စခန်းအသစ်(၃)ခုကို ဦးစားပေး တပ်ဆင်သွားမှာဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအကုန်မှာ အပြီးတည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဟားခါးမြို့ပေါ်မှာ မိုဘိုင်းဖုန်းခေါ်ဆိုရာမှာ ကောင်းမွန်မှု မရှိခြင်းနဲ့ ကိစ္စနဲ့ပတ်သက်ပြီး လက်ရှိအနေနဲ့ ဟားခါးမြို့ပေါ်မှာ GSM စခန်း(၃)ခု၊ WCDMA စခန်း(၁)ခု၊ CDMA 450 စခန်း(၁)ခု တို့ဖြင့် ဖွင့်လှစ်အသုံးပြုလျက်ရှိပါတယ်။

ဟားခါးမြို့ရဲ့ မြေပြင်အနေအထားအရ တောင်တက်၊ တောင်ဆင်းများပြီးတော့ အကာအကွယ်အတားအဆီးများတဲ့အတွက် Radio Signal ရရှိမှု နည်းပါးခြင်းတို့ကြောင့် မိုဘိုင်းဖုန်း ခေါ်ဆိုရာမှာ အဆင်မပြေမှုများ ရှိနိုင်တဲ့အတွက် ဟားခါးမြို့ပေါ်မှာ GSM ရေဒီယိုစခန်း အသစ်တစ်ခုကို ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်မှာ ဖွင့်လှစ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဟားခါး-ဂန့်ဂေါလမ်းပိုင်းနဲ့ ဟားခါး-မတူပီ လမ်းပေါ်မှာရှိတဲ့ ကျေးရွာများကိုလည်း မိုဘိုင်းရေဒီယိုစခန်းသစ်များ တည်ဆောက်ဖို့ လက်ရှိဆောင်ရွက်နေတဲ့ စီမံကိန်းများမှာ လျာထားခြင်း မရှိသေးသော်လည်း ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းများမှာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဦးစားပေး အစီအစဉ်များအရ

အဆင့်အလိုက် ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**သီးနှံစိုက်ပျိုးပြီး လယ်ယာမြေများတွင် ကျန်နေသည့်အာဟာရဓာတ်ကို စစ်ဆေးပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က သီးနှံစိုက်ပျိုးပြီး လယ်ယာမြေများတွင် ကျန်နေသည့် အာဟာရဓာတ်ကို စစ်ဆေးပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြုတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီးနှံစိုက်ပျိုးပြီး လယ်ယာမြေများတွင် ကျန်နေသည့် အာဟာရဓာတ်ကို စစ်ဆေးပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိလိုတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေကြီးထဲမှာ ဓာတ်(၁၆)မျိုးကျော်လောက် ပါဝင်ပါတယ်။ သို့သော် သီးနှံများ အောင်မြင်ဖြစ်ထွန်းရန်အတွက် အဓိက လိုအပ်တဲ့ ဓာတ်(၃)မျိုးတွေကတော့ ယူရီးယား၊ တီစူပါနဲ့ ပိုတက်ဆီယမ်ဓာတ်များပဲ ဖြစ်ကြပါတယ်။ တစ်သီးစိုက်ပြီး ကုန်သွားတဲ့ အာဟာရကို ပြန်လည် ဖြည့်ဆည်းပေးမှသာ ရေရှည်စိုက်ပျိုး လုပ်ကိုင်နိုင်တာ ဖြစ်ပါတယ်။ ကုန်သွားတဲ့အာဟာရကို ပြန်လည် မဖြည့်ဆည်းပေးနိုင်ပါက သီးနှံအထွက်နှုန်း တဖြည်းဖြည်း ကျဆင်းလာမှာ ဖြစ်ပါတယ်။ သီးနှံတစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် မြေ၊ မျိုး၊ စနစ်၊ ရာသီက အဓိက ကျပါတယ်။ သီးနှံစိုက်ပျိုးပြီးချိန်မှာ မြေကြီး ထဲမှာ ကျန်နေတဲ့အဟာရဓာတ် ဘယ်လောက်ရှိတယ်ဆိုတာကို စမ်းသပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ စပါးနဲ့ အခြားသီးနှံများ ဖွံ့ဖြိုးရန် အဟာရဓာတ် မည်မျှလိုမည်၊ မည်သည့်အာဟာရဓာတ်ကို မည်မျှ ပြန်ဖြည့်ပေးရမည် ဆိုတာကို စစ်ဆေးပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဓာတ်မြေသြဇာကို စနစ်တကျ မဟုတ်ဘဲနဲ့ ရေရှည်သုံးစွဲမှုများဟာ မြေကြီးရဲ့ ဓာတ်သတ္တိကို ပြောင်းလဲစေမှာ ဖြစ်ပါတယ်။

လယ်ယာမြေအများစုဟာ စပါးပြီး စပါး စိုက်ပျိုးခြင်း ယူရီးယား ခေါ် ပုလဲဓာတ်မြေသြဇာ တစ်မျိုးတည်းသာ သုံးစွဲခြင်း တီစူပါနဲ့ ပိုတက် စတာတွေကို မသုံးစွဲတဲ့အတွက်ကြောင့် ဖြစ်ရတာ

ဖြစ်ပါတယ်။ ယူးရီးယားဓာတ်မြေသြဇာဟာ နိုက်ထရိုဂျင်ဓာတ် ဖြစ်တဲ့အတွက် ရေနဲ့ ဓာတ်ပြုထိတွေ့ပြီးတော့ နိုက်ထရစ်အက်စစ် ဖြစ်ပေါ်ပြီးတော့ လယ်ယာမြေများမှာ အချဥ်ဓာတ်ကို ဖြစ်ပေါ်စေတာ ဖြစ်ပါတယ်။ မြေချဥ်ငန်ဓာတ် PH 5.5 မှ 7.5 ကြားမှာရှိတဲ့ လယ်ယာမြေများဟာ သီးနှံဖြစ်ထွန်း အောင်မြင်တယ် လို့ ဆိုပါတယ်။ PH 5.5 အောက်ရောက်ရှိတဲ့ လယ်ယာမြေများကို သမအောင် မဖောက်ထုံး ထည့်ပေးရပါတယ်။ 1 PH တက်ဖို့အတွက် မဖောက်ထုံးကို တစ်နှစ်အတွင်း ပိဿာ(၂၀၀) ကနေ (၃၀၀) အထိ ခွဲပြီးထည့်ပေးရပါတယ်။ သို့သော်လည်း ဒီလိုပြုပြင်ရာမှာ တစ်နှစ်ခန့် အချိန်ယူရတဲ့အတွက် ဂျစ်ဆန်ကို ထည့်ပေးရင် ပိုကောင်းတယ်လို့လည်း ဆိုကြပါတယ်။

သို့ဖြစ်တဲ့အတွက် စပါးသီးနှံအပါအဝင် သီးနှံများ အောင်မြင်ဖြစ်ထွန်းဖို့အတွက် သီးနှံစိုက်ပျိုးပြီးချိန်မှာ လယ်ယာမြေများမှာ ကျန်နေတဲ့ အာဟာရဓာတ်ကို စစ်ဆေးပေးနိုင်မယ့် အစီအစဥ် ရှိ/ မရှိ သိရှိလိုတဲ့အတွက် တောင်သူလယ်သမားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ အရှေ့ဘက်ခြမ်း၊ တောင်ပေါ်ဒေသရှိ သစ်တွန်၊ မဲပေါက်၊ ပြည်တောင်ကိုး၊ ဘန့်ဘား၊ ကိုးတစ်၊ အလယ်ချောင်းကျေးရွာအုပ်စု (၇)စုမှ ဒေသခံတိုင်းရင်းသားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသရှိ သစ်တွန်၊ မဲပေါက်၊ ပြည်တောင်ကိုး၊ ဘန့်ဘား၊ ကိုးတစ်၊ အလယ်ချောင်းကျေးရွာအုပ်စု(၇)စုမှ ဒေသခံတိုင်းရင်းသားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းမှာတော့ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့ရဲ့ အရှေ့ဘက်ခြမ်း၊ တောင်ပေါ်ဒေသမှာရှိတဲ့ သစ်တွန်၊ မဲပေါက်၊ ပြည်တောင်ကိုး၊ ဘန့်ဘား၊ ကိုးတစ်၊ အလယ်ချောင်းကျေးရွာ(၇)စုမှ ဒေသခံများအတွက် မေးခွန်း(၄)ခုကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာအုပ်စု(၇)စုဟာ ရှေးနှစ်ပေါင်းများစွာက တောင်ယာစပါးအပြင် မိုးကောင်းသောက်စပါးများ စိုက်ပျိုးခဲ့ကြပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးဧက (၂၀၀၀) မှာ တောင်ယာစပါး(၇၀၀)ဧက နဲ့ မိုးကောင်းသောက်စပါး (၁၃၀၀)ဧက စိုက်ပျိုးခဲ့ကြောင်း စာရင်းဇယားများအရ သိရပါတယ်။ ဥယျာဥ်ခြံများအဖြစ်နဲ့လည်း ကွမ်း၊ ဖာလာ၊ လက်ဖက်၊ နာနတ်၊ ငှက်ပျော၊ ကော်ဖီ၊ ငရုတ်ကောင်းနဲ့ ရာဘာ၊ အခြားသီးပင်စားပင်များကို နှစ်ပေါင်းများစွာ စိုက်ပျိုးလာခဲ့

ကြပါတယ်။ ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်တဲ့အချိန်မှာ နိုင်ငံတော်က လယ်ယာမြေလုပ်ကိုင်ခွင့်များကို ထုတ်ပေးနေတဲ့အချိန်မှာ တောင်ပေါ်မှာရှိတဲ့ ခုနတုန်းကတင်ပြခဲ့တဲ့ ကျေးရွာ(၇)ရွာက ဒေသခံများကတော့ (ပုံစံ-၇) ဆိုတဲ့ လယ်ယာလုပ်ပိုင်ခွင့် မရသေးတဲ့အတွက် သူတို့ဟာ မိမိတို့ရဲ့ ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုတဲ့ လုပ်ပိုင်ခွင့် မရသေးတဲ့တွက် နေ့စဉ်နဲ့အမျှ စိုးရိမ်သောက ရောက်နေကြောင်းကို တင်ပြလာပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံတိုင်းရင်းသားများ စိတ်ချမ်းမြေ့စွာ လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက်ကို လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ပေးမည့် အစီအစဉ် ရှိ/မရှိ နဲ့ ရှိပါက မည်သည့်ကာလမှာ စတင်ဆောင်ရွက်မည်ဆိုတာကို သိရှိလိုပါတယ်။

ဒုတိယမေးခွန်းကတော့ ပျဉ်းမနားမြို့နယ် အရှေ့တောင်ပေါ်ဒေသများမှာရှိတဲ့ ဒေသခံတောင်သူ လယ်သမားများရဲ့ ရွာနီးချုပ်စပ်မှာရှိတဲ့ မြေလွတ်မြေရိုင်းဧကများကို လုပ်ပိုင်ခွင့်များ ရရှိရေးအတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ဆိုတာကိုလည်း သိရှိလိုပါတယ်။

တတိယမေးခွန်းကတော့ ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ဒေသမှာရှိတဲ့ ရွာနီးချုပ်စပ်များမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိတဲ့ သီးနှံ/သစ်တောရောနှောစိုက်ပျိုးရေး သစ်မာစိုက်ခင်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်ထံကို ချထားခွင့်ပြုရာတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သောသူများ တောင်သူများအနေနဲ့ များစွာနစ်နာမှု ရှိနေကြပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းရှင်များအပြင် ဒေသခံတောင်သူများကိုလည်း သတ်မှတ်စည်းကမ်း လိုက်နာနိုင်သူများကို ချပေးမည်ဆိုပါက ဒေသခံတိုင်းရင်းသားများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆောင်ရွက်ပေးနိုင်မှု ရှိ/ မရှိ သိရှိလိုပါတယ်။

နောက်ဆုံးမေးခွန်းအနေနဲ့ကတော့ ခုနတုန်းက ပျဉ်းမနားမြို့နယ် အရှေ့တောင်ပေါ်ဒေသမှာရှိတဲ့ ခုနတုန်းက ကျွန်တော် တင်ပြခဲ့တဲ့ သီးနှံတစ်ခုဖြစ်တဲ့ ဖာလာဟာ ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန က ကောက်ခံလျက်ရှိသော သစ်တောထွက်ပစ္စည်း အခွန်များကို ဖြေလျှော့ခွင့်ပြုနိုင်/မပြုနိုင် သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

သီးနှံစိုက်ပျိုးပြီး လယ်ယာမြေများမှာ ကျန်နေတဲ့ အာဟာရဓာတ်ကို စစ်ဆေးပေးနိုင်သည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတွင် မြေအမျိုးအစား (၂၄)မျိုးရှိရာ မတူညီတဲ့ မြေအမျိုးအစားပေါ် မူတည်ပြီးတော့ မြေဆီလွှာရဲ့ ရူပ၊ ဓာတု ဇီဝဗေဒသတ္တိများ အပြင် ပါဝင်သော အာဟာရဓာတ်များ ကွာခြားခြင်းကြောင့် မြေဆီလွှာအတွင်းရှိ မူလအာဟာရဓာတ် ပမာဏ (Energy Net Nutrition)ကို သိရှိစေရန် အာဟာရဓာတ်ကို ချန်လှပ်ထည့်သွင်းသော စမ်းသပ်ကွက်များကို နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေအတွင်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်းသည် မြေဆီလွှာ၏ ရှိရင်းစွဲအာဟာရဓာတ်ကို သိရှိနိုင်ပြီး ထည့်သွင်း ရမည့် ပမာဏကို စိစစ်တွက်ချက်နိုင်ရန် ရည်ရွယ်ပါတယ်။

ထိုသို့ မြေဆီလွှာရဲ့ ရှိရင်းစွဲအာဟာရဓာတ်ကို သိရှိခြင်းဖြင့် သီးနှံပင်အတွက် လိုအပ်တဲ့ အာဟာရဓာတ်ပမာဏကို စိစစ်နိုင်သောကြောင့် လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး မြေသြဇာကုန်ကျစရိတ်ကို လျှော့ချနိုင်မည် ဖြစ်ပါတယ်။ ထိုသို့ မြေဆီလွှာရဲ့ ရှိရင်းစွဲအာဟာရဓာတ်ကို မူတည်ကာ လိုအပ်တဲ့ အာဟာရဓာတ်များကို တွက်ချက်ထည့်သွင်းခြင်းအားဖြင့် အခြား မလိုအပ်တဲ့ မြေသြဇာထည့်သွင်းခြင်းရဲ့ ဘေးထွက်ဆိုးကျိုးများ မြေချဉ်ခြင်း၊ ငန်ခြင်းတို့ကို ကင်းဝေးစေလျက် အာဟာရဓာတ်ရရှိမှု ညီညွတ် မျှတစေမည်ဖြစ်ပါတယ်။ မြေချဉ်ရခြင်းရဲ့ အကြောင်းရင်းမှာ မြေချဉ်ငန်ကိန်း PH 5.5 မှ 6.5 ကြားမှာ ဖဲရပ်စ်အိုင်းယွန်းများကြောင့်ဖြစ်ပြီး PH 4.5 မှ 5.5 ကြားမှာ အလူမီနီယံအိုင်းယွန်းများနှင့် PH 4.5 အောက်မှာ ဟိုက်ဒရိုဂျင်အိုင်းယွင်း တို့ကြောင့် ဖြစ်ပါတယ်။

မြေသြဇာလွန်ကဲစွာ သုံးစွဲခြင်းဖြင့် အထူးသဖြင့် ယူးရီးယားဟာ မြေချဉ်ခြင်းကို ဖြစ်ပေါ်စေ နိုင်သည် ဆိုသော်လည်း မြန်မာနိုင်ငံရှိ တောင်သူအများစု လယ်ယာမြေအများစုမှာ ယူးရီးယား ဓာတ်မြေသြဇာကို မြေချဉ်ပြဿနာ ပေါ်ပေါက်စေနိုင်လောက်သည်အထိ ပမာဏများစွာ ထည့်သွင်း သုံးစွဲခြင်း မရှိကြသေးပါ။ အရှေ့တောင်အာရှနိုင်ငံများအတွင်း စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တင်ပို့ ရာမှာ ရှေ့တန်းရောက်နေတဲ့ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့ရဲ့ ဓာတ်မြေသြဇာ သုံးစွဲမှုနဲ့ မြန်မာနိုင်ငံရဲ့ ဓာတ်မြေသြဇာသုံးစွဲမှုကို နှိုင်းယှဉ်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံဟာ နိုက်ဒရိုဂျင်ဓာတ်မြေသြဇာကို 4.25 Kilogram Per Hectare သုံးစွဲပြီးတော့ ဗီယက်နမ်နိုင်ငံဟာ 157.7 Kilogram Per Hectare ထိုင်းနိုင်ငံဟာ 78.5 Kilogram Per Hectare သုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။

အလားတူ ဖော့စ်ပရပ်မြေသြဇာနဲ့ ပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ ၀.၄ Kilogram Per Hectare နဲ့ ဗီယက်နမ်ဟာ ၇၁.၆ Kilogram Per Hectare၊ ထိုင်းနိုင်ငံဟာ ၁၃.၄ Kilogram Per Hectare သုံးစွဲလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပိုတက်ဆီယမ် မြေသြဇာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံက ၀.၄ Kilogram Per Hectare နဲ့ ဗီယက်နမ်နိုင်ငံက ၃၃.၁ Kilogram Per Hectare ထိုင်းနိုင်ငံက ၈.၈ Kilogram Per Hectare သုံးစွဲလျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအနေနဲ့ ယူးရီးယားပမာဏ များစွာသုံးစွဲခြင်းထက် မြေသြဇာကို အချိုးအစား ညီမျှစွာထည့်သွင်းခြင်း မရှိတဲ့အတွက် မြေဆီလွှာပျက်ယွင်းမှု ပြဿနာကိုသာ တွေ့ရှိရလေ့ ရှိပါတယ်။ စပါးအပါအဝင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရန် မြေဆီလွှာ အမျိုးအစားနှင့် ရူပ၊ ဓာတု ဇီဝဗေဒသတ္တိများ အထူးသဖြင့် ရှိရင်းစွဲအာဟာရကို ကြိုတင်စစ်ဆေးခြင်းသည် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် များစွာအရေးပါလှပါတယ်။ ထို့ပြင် သီးနှံစိုက်ပျိုးချိန်မှာ စိုက်နည်းစနစ် မှန်ကန်ခြင်း၊

စနစ်တကျ ရေသွင်း/ရေထုတ်ပြုလုပ်ခြင်း၊ မြေဩဇာအချိန်ကိုက် အချိုးညီ အသုံးပြုခြင်းတို့ဟာလည်း အရေးပါလှတာဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ မြေအသုံးချရေးဌာနခွဲများ ဖွင့်လှစ်ပြီး မြေဆီလွှာနဲ့ မြေဩဇာပိုင်းဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ရုံးချုပ်အဆင့်မှ ပညာရှင်များအနေဖြင့်လည်း နယ်လှည့်ပညာပေးအဖွဲ့ (Mobile Team)များနဲ့ တောင်သူလယ်သမားများထံ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တောင်သူကိုယ်တိုင် မိမိမြေကို စစ်ဆေးနိုင်တဲ့ နည်းပညာများကိုလည်း ဆွေးနွေးပို့ချပေးလျက်ရှိပါတယ်။ မြေဆီလွှာဓာတ်ခွဲသေတ္တာ (Soil Test Kit) များကိုလည်း တောင်သူလယ်သမားများ တစ်ပိုင်တစ်နိုင် ဝယ်ယူအသုံးပြုနိုင်ရန် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အဆိုပါ ဓာတ်ခွဲသေတ္တာဖြင့် မြေရဲ့ ချဉ်ငံကိန်း နိုက်ထရိုဂျင်နှင့် ဖော့စ်ပရပ် အာဟာရဓာတ် ပါဝင်မှုတို့ကို အလွယ်တကူ စစ်ဆေးသိရှိနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် မြေဆီလွှာရဲ့ ရူပ၊ ဓာတု ဂုဏ်သတ္တိများနဲ့ အာဟာရဓာတ်များ ပါဝင်မှုတို့ကို အသေးစိတ် သိရှိလိုပါကလည်း လက်ရှိအခြေအနေမှာ အောက်မြန်မာနိုင်ငံ ရန်ကုန်နဲ့အထက်မြန်မာနိုင်ငံ မန္တလေးဓာတ်ခွဲခန်းများကို ပေးပို့စစ်ဆေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ အခြေအနေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးတို့တွင် မြေဆီလွှာဓာတ်ခွဲခန်းများကို တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ မေးမြန်းမှုများအနက် ပထမအချက်ဖြစ်တဲ့ ပျဉ်းမနားမြို့နယ်၊ အရှေ့ဘက်ခြမ်း၊ တောင်ပေါ်ဒေသ ကျေးရွာအုပ်စု(၇)စုရှိ ဒေသခံတိုင်းရင်းသားများ စိတ်ချမ်းမြေ့စွာ လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၏ ဖြေကြားချက်အရ ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်သစ်တွန့်၊ မဲပေါက်နှင့် ပြည်တောင်ကိုး ကျေးရွာအုပ်စု(၃)အုပ်စုရှိ ကွင်းပေါင်း(၃)ကွင်း၊ တောင်သူပေါင်း(၆၃၀)ဦး၊ ဦးပိုင်ပေါင်း(၂၄၃၂) နှင့် ဧရိယာ(၇၄၀၄)ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) ထုတ်ပေးပြီးဖြစ်ပြီး ကျန် တောင်ပေါ်အုပ်စုများဖြစ်တဲ့ ဘန့်ဘား၊ ဘို့မ၊ ကိုးတစ်၊ အလယ်ချောင်း (၄)အုပ်စုရှိ တောင်သူစိုက်ဧကများအား (ပုံစံ-၇) ထုတ်ပေးရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ပျဉ်းမနားမြို့နယ်တွင် အရှေ့ဘက်ခြမ်းတောင်ပေါ်ဒေသဟာ ကွင်းဖွဲ့တိုင်းတာပြီးစီးခြင်း မရှိသဖြင့် မိုးစပါးစိုက်ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ၂၀၁၄ ခုနှစ်၊ ဇွန်လမှစ၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေတိုင်းတာဆောင်ရွက်လျက်ရှိရာမှာ ဘန့်ဘားကျေးရွာအုပ်စုတွင် ကွင်း(၂)ကွင်း တိုင်းတာပြီးစီး၍ ပုံထုတ်ခြင်း၊ လုပ်ပိုင် လုပ်ကွက်များ စစ်ဆေးပြီးပါက လယ်ယာမြေဥပဒေ နည်းဥပဒေနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်ယာစပါးစိုက်ပျိုးသော တောင်ယာမြေများသည် လုပ်ကွက် မတည်မြဲခြင်း၊ တစ်နှစ်ခန့် စိုက်ပျိုးပြီး ပလပ်ထားသည့်အတွက် စာရင်းမြေပုံကောက်ယူ၍ မရနိုင်ခြင်းတို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရန် အစီအစဉ် မရှိပါကြောင်း သိရှိရပါတယ်။

ဒုတိယမေးမြန်းထားတဲ့ မေးမြန်းထားတဲ့ မြေလွတ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်ရရှိရေး မည်သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်း၍ ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသ ကွမ်း၊ ဖာလာ၊ လက်ဖက်၊ နာနတ်၊ ငှက်ပျော၊ ကော်ဖီ၊ ငရုတ်ကောင်း၊ ရာဘာနဲ့ အခြား သစ်သီးပင်စားပင် စိုက်ပျိုးသော မြေများမှာ မြေလွတ်၊ မြေရိုင်းများဖြစ်ပြီး တောင်သူများက ဧက(၅၀)အထိ ဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)၊ နည်းဥပဒေ ၁၅(ခ) နှင့် နည်းဥပဒေ ၃၀ တို့အရ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကလည်းကောင်း၊ ဧက(၅၀)အထက် ဖြစ်ပါက ဥပဒေ ပုဒ်မ ၁၀၊ နည်းဥပဒေ ၁၅(က) တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ ချထားပေးနိုင်မည်ဖြစ်၍ သက်ဆိုင်ရာ တောင်သူများမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည် ဖြစ်ပါတယ်။

တတိယအချက်ဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိတဲ့ သီးနှံ/သစ်တောရောနှော စိုက်ပျိုးရေး သစ်မာစိုက်ခင်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချထားပေးခြင်းအပြင် ဒေသခံတောင်သူများလည်း သတ်မှတ်စည်းကမ်း လိုက်နာနိုင်သူများကို ချထားပေးနိုင်မှု ရှိ/မရှိ နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ ပုဂ္ဂလိကအဖွဲ့အစည်းကုမ္ပဏီများမှ သစ်တောစိုက်ခင်း ထူထောင်ရန် လျှောက်ထားလာပါက လက်ခံပြီး သစ်တောစီမံအုပ်ချုပ်ခွင့်ရှိသော မြေ၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများရှိ တောပျက်မြေ၊ ဌာနမှ ဆောင်ရွက်နိုင်သည့် စိုက်ခင်း၊ အခြားမြေအသုံးချသည့် အစီအစဉ်များနှင့် လွတ်ကင်းသော မြေများမှာ ပုဂ္ဂလိကစိုက်ခင်းများ လျှောက်ထားခြင်းအားဖြင့် စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

ပုဂ္ဂလိက လုပ်ငန်းရှင်များအပြင် တောင်ပေါ်ဒေသရှိ နေထိုင်ကြသော ဒေသခံတောင်သူများ ဆောင်ရွက်လိုပါက လျှောက်ထားနိုင်ခွင့်ရှိကြောင်း၊ ညွှန်ကြားရေးမှူးချုပ်ရုံး သစ်တောဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်ကြောင်း၊ ၁၅-၁-၂၀၀၇ ရက်နေ့က သတင်းစာများတွင် ထုတ်ပြန်ကြေငြာထားပြီးဖြစ်ကြောင်းနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ၃၁-၃-၂၀၁၄ နေ့အထိ ပုဂ္ဂလိက သစ်မာစိုက်ခင်း ခွင့်ပြုပြီးဧရိယာ(၁၁၃၈၆၇.၉၃)ဧကရှိပြီး တပ်ကုန်းမြို့နယ်မှာ (၃၄)ဦး၊ (၅၁၄၇.၈၂)ဧက၊ ပျဉ်းမနားမြို့နယ်တွင် (၁၈)ဦး၊ (၂၉၆၄)ဧက နှင့် လယ်ဝေးမြို့နယ်မှာ (၁၉)ဦး၊ (၁၅၈၉)ဧက စုစုပေါင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်း (၉၇၀၀.၈၂)ဧက တည်ထောင်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ နောက်ဆုံးမေးမြန်းချက်ဖြစ်တဲ့ ပျဉ်းမနားမြို့နယ် အရှေ့တောင်ပေါ်ဒေသထွက်ကုန် ဖာလာအား ကောက်ခံသော သစ်တောထွက်ပစ္စည်းအခွန်ကို ဖြေလျှော့ခွင့်ပြုနိုင်၊ မပြုနိုင်နှင့်ပတ်သက်၍ ဖာလာကို ယခင်က အသေးစားသစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ကြော်ငြာ၍ ဒေသပေါက်စျေးရဲ့ (၂၅)ရာခိုင်နှုန်းအား နိုင်ငံတော် အခွန်ငွေအဖြစ် ကောက်ခံပါကြောင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၄၊ ဇယား(၅) ပြဋ္ဌာန်းချက်အရ ဖာလာအပါအဝင် သစ်တောထွက်ပစ္စည်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲသော မြေနှင့် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတို့တွင် စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဒေသပေါက်စျေးရဲ့ (၂၅)ရာခိုင်နှုန်း အခွန်ငွေကောက်ခံ၍ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ ပြည်နယ်

ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရသည်ဖြစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဖြေလျှော့ခွင့်ပြု ပေးနိုင်ခြင်းမရှိကြောင်းနဲ့ သို့သော် ဖာလာစိုက်ပျိုးမြေများကို တရားဝင်လယ်မြေ၊ ယာမြေများအဖြစ် ပြောင်းလဲခွင့်ပြု သတ်မှတ်မည်ဆိုပါက ပြည်ထောင်စုနယ်မြေအတွင်း ဖြစ်သဖြင့် ဖာလာအခွန်ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်မည် ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်တွင်ပါရှိတဲ့ လယ်ယာမြေများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိရေးအတွက် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှလည်းကောင်း၊ ကျေးရွာပတ်ဝန်းကျင်ရှိ မြေလွတ်၊ မြေရိုင်းများကို ဒေသခံတောင်သူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသော သီးနှံ/သစ်တောရောနှောစိုက်ပျိုးခွင့်၊ သစ်မာစိုက်ခင်းထူထောင်ခွင့်အား သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်းကောင်း စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးစောမော်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာ့လေကြောင်းဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/ ၂၀၁၄- ၂၃၃<br>ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်

၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့လေကြောင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၃-၆-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ ဗိုလ်မှူးအောင်နိုင်ဦး တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့သဖြင့် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေကြမ်းကော်မတီ

တို့သည် ၁၁-၆-၂၀၁၄ ရက်နေ့တွင် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ မြန်မာ့လေကြောင်း ဆိုသည့် အမည်သည် မြန်မာနိုင်ငံရှိ အခြားလေကြောင်းလိုင်းများနှင့် ရောထွေးမှု ရှိနိုင်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်အလံတင် လေကြောင်းလိုင်းအဆင့်နှင့် လျော်ညီမှု ရှိစေရန် အတွက်လည်းကောင်း မြန်မာအမျိုးသားလေကြောင်း (Myanmar National Air Lines) ဟု အမည်ကို ပြင်ဆင်သင့်သည့်အတွက် ဥပဒေကြမ်းအမည်ကို မြန်မာအမျိုးသားလေကြောင်းဥပဒေ ဟု ပြင်ဆင်ရန်နှင့် ဥပဒေကြမ်း၏ စကားရပ်အသုံးအနှုန်းများကို ပြောင်းလဲသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ မူလဥပဒေကြမ်းပုဒ်မ ၄၊ ပုဒ်မခွဲ(င)တွင် ယာဉ်၊ ယန္တရား၊ စက်ကိရိယာ ဆိုသည့် စကားရပ်ကို လေယာဉ်နှင့် သက်ဆိုင်သည့် စက်၊ ယာဉ်၊ ယန္တရား၊ ပစ္စည်းကိရိယာများကို ဆိုလိုခြင်း ဖြစ်သဖြင့် လေယာဉ်နှင့် သက်ဆိုင်သည့် ယာဉ်၊ ယန္တရား၊ စက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများ ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သင့်ပြီး ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း၊ အခန်း(၄)ခေါင်းစဉ်ကို မြန်မာလေကြောင်းလိုင်းက ဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်ခြင်းများနှင့် ဆီလျော်မှုရှိစေရန် မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းအမျိုးအစားများ ဟု လည်းကောင်း ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

၄။ မူလဥပဒေကြမ်း ပုဒ်မ ၁၀ တွင် စီမံခန့်ခွဲရေးအဖွဲ့၏ အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပနိုင်ရန်အတွက် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း ကိစ္စများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု ပြင်ဆင်၍ ပုဒ်မ ၉ အဖြစ် လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)ပါ စကားရပ်ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း ဆိုသည့် စကားရပ်၏နောက်ရှိ ရောင်းမှု သို့မဟုတ် ဝယ်ယူမှု ဆိုသည့် စကားရပ်ကို ရောင်းမှု၊ ဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှု ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်သင့်ပြီး ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)အဖြစ် လည်းကောင်း ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

၅။ မြန်မာ့လေကြောင်းလိုင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ် ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အလံတင် လေကြောင်းလိုင်း ဖြစ်သဖြင့် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်များ ရရှိစေရန် ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ခ)တွင် ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့် ရှိသည် ဟု ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

၆။ မြန်မာ့လေကြောင်းလိုင်းတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝါရင့်အရာထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများသည် ယင်းတို့၏ လုပ်ငန်းအတွေ့အကြုံနှင့် စွမ်းဆောင်ရည်တို့ကို အကျိုးရှိစွာ ဆက်လက်သယ်ပိုးဆောင်ရွက်စေနိုင်ရန်အတွက် မူလဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ဌာနကြီးမှူးနှင့်အထက်အဆင့်ရှိ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ခြင်း၊ မူလဥပဒေကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)

ကို ပုဒ်မခွဲ(က) အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀ ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့် ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေးကောင်းပြီး ဆက်လက်တာဝန်ထမ်းဆောင် လိုသော အဆိုပါ အရာထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများကို အသက် ၆၅ နှစ် ပြည့်သည့် အချိန်အထိ တစ်နှစ်လျှင်တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်စေနိုင်သည် ဟု ပြင်ဆင်ဖြည့်စွက် ခြင်းများ ပြုလုပ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

၇။ မြန်မာ့လေကြောင်းလိုင်း၏ စာရင်းဇယား မှတ်တမ်းများကို အစီအစဉ်ကျနစွာ စီစဉ်ထားရှိ နိုင်ရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဈ)ကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း ပုဒ်မခွဲငယ်များ၏ အမှတ်စဉ်ကို ပြောင်းလဲပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘော တူညီမှု ရရှိခဲ့ပါသည် -

(ဇ) အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(၄) အရှုံး/အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

၈။ လေယာဉ်နှင့် သက်ဆိုင်သော ပြစ်မှုပြစ်ဒဏ်များကို လေကြောင်းညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် (Aircraft Manual) ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာလေကြောင်း အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခြား လေကြောင်းလိုင်းများနည်းတူ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ပါသည်။ မြန်မာ့ လေကြောင်းဥပဒေတွင် သီးခြားပြဋ္ဌာန်းရန် သတ်မှတ်ခြင်းသည် ခေတ်စနစ်နှင့်လျော်ညီမှုမရှိဘဲ ဈေးကွက် စီးပွားရေးစနစ်အရ စီးပွားရေးဆန်ဆန် ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှု အခြေအနေကို ထိခိုက်နိုင်ပါသဖြင့် ဤဥပဒေကြမ်း၏ မူလအခန်း(၈) တားမြစ်ချက်နှင့် အခန်း(၉) ပြစ်ဒဏ်တို့ကို ပယ်ဖျက်သင့်ပြီး အခန်းစဉ် များကို ပြောင်းလဲစီစဉ်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

၉။ ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အခြားအကြံပြုချက်များကိုလည်း နည်းဥပဒေတွင် ထည့်သွင်းဖော်ပြရန် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၁၀။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပြင်ဆင်ချက်များအပေါ်တွင် ညှိနှိုင်းဆွေးနွေးသဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၀) နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၁၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့လေကြောင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာအမျိုးသားလေကြောင်း ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)
၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ဂ)(ဃ)(င)(စ)

၁။ ဤဥပဒေကို မြန်မာအမျိုးသားလေကြောင်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) မြန်မာအမျိုးသားလေကြောင်း ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသား လေကြောင်းကို ဆိုသည်။

( ခ ) စီမံခန့်ခွဲရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေဖြင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သို့မဟုတ် စည်းကမ်းဥပဒေများဖြင့်သော်လည်းကောင်း၊ တည်ဆဲ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်း သော မြန်မာအမျိုးသားလေကြောင်းစီမံခန့်ခွဲရေးအဖွဲ့ ကို ဆိုသည်။

( ဂ ) ဝန်ဆောင်မှုလုပ်ငန်း ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည် ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများ လည်း ပါဝင်သည်။

(ဃ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ကို ဆိုသည်။

( င ) အမှုဆောင်အရာရှိချုပ် ဆိုသည်မှာ မြန်မာအမျိုးသားလေကြောင်း၏ အကြီးအမှူး ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ဂ)(ဃ)(င)(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာအမျိုးသားလေကြောင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ခ) မြန်မာအမျိုးသားလေကြောင်း၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊

(ဂ) မြန်မာအမျိုးသားလေကြောင်းကို နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက် ရန်အတွက် မြန်မာအမျိုးသားလေကြောင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊

(ဃ) မြန်မာအမျိုးသားလေကြောင်းကို အမှီအခိုကင်းစွာ ရပ်တည်နိုင်ရန် လုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းပြီး ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စည်းကမ်းချက်များ သတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ခွင့်ပြုနိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

(င) မြန်မာအမျိုးသားလေကြောင်းကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပါဝင် ဆောင်ရွက်နိုင်ရန် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅(က)

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေအရ ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအတိုင်း မြန်မာအမျိုးသားလေကြောင်းကို ဖွဲ့စည်းတည်ထောင်ရမည်။

( ခ ) မြန်မာအမျိုးသားလေကြောင်း ဝန်ထမ်းများ၏ အရည်အချင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

၅။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

( ခ ) ဥပဒေနှင့်အညီ စီးပွားရေးဆန်ဆန် ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း ဖြစ်သည်။

( ဂ ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့် နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(ဃ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်နှင့် သက်ဆိုင်သည့် ယာဉ်၊ ယန္တရား၊ စက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ကုန်ပစ္စည်း စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို လည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့် ရှိသည်။

၆။ ဝန်ကြီးဌာနသည် ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ လွှဲပြောင်းထမ်းဆောင်သည့်အခါ ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ် ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက် မလျော့နည်းစေဘဲ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ လွှဲပြောင်းပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (က)(ခ)၊ အပိုဒ် ၅(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇(စ)(ဆ)

အခန်း(၄)

မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းအမျိုးအစားများ

၇။ မြန်မာအမျိုးသားလေကြောင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(စ) ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီ ထူထောင်ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဆ) မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇(စ)(ဆ) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇(စ)(ပ)(တ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၅)၊ အပိုဒ် ၈၊ ၁၀၊ ၁၁၊ အပိုဒ် ၁၂(က)(ခ)(ဂ)၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၄၊ ၁၅၊ ၁၆(က)(ခ)

၈။ ဝန်ကြီးဌာနသည် မြန်မာအမျိုးသားလေကြောင်းအား စီးပွားရေးဆန်ဆန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန်ဦးဆောင်မှုပေးမည့် လွတ်လပ်သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုးဦးထက်မပိုသော အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) မိမိက ခန့်အပ်တာဝန်ပေးသော ပြင်ပပုဂ္ဂိုလ် - ဥက္ကဋ္ဌ

(ခ) အမှုဆောင်အရာရှိချုပ် - အဖွဲ့ဝင်

(ဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး - အဖွဲ့ဝင်

(ဃ) စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး - အဖွဲ့ဝင်

(င) စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး - အဖွဲ့ဝင်

(စ) ဝန်ကြီးဌာနက ခန့်အပ်သည့်ကိုယ်စားလှယ်များ - အဖွဲ့ဝင်

ဟု ပြင်ဆင်ထားပါတယ်။

(ဆ) ဥက္ကဋ္ဌက ခန့်အပ်သူတစ်ဦး - အတွင်းရေးမှူး

ဟု ဖြည့်စွက်ထားပါတယ်။

၉။ စီမံခန့်ခွဲရေး အဖွဲ့အစည်းအဝေး ကျင်းပခြင်းကိစ္စများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ အစည်းအဝေးသို့ တင်ပြသည့် ကိစ္စရပ်အားလုံးကို အစည်းအဝေး တက်ရောက်လာသည့် အဖွဲ့ဝင်အများစု၏ မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၁။ (က) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် မရှိစေရ။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း ရောင်းမှု၊ ဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှုတစ်ခုခုတွင်သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့်

အဖွဲ့ဝင်သည် မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ထုတ်ဖော်ပြောဆိုချက်ကို အဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့် အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှု သို့မဟုတ် ဝယ်မှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း ပြုရာတွင် မပါဝင်ရ။

**ဥက္ကဋ္ဌ**။ ။ ရောင်းမှု၊ ဝယ်ယူမှု၊ ငှားရမ်းမှု ဟု (ခ)မှာ ထည့်လို့ (ဂ)မှာ မထည့်တော့ဘူးလား။ ရောင်းမှု သို့မဟုတ် ဝယ်ယူမှု ဆိုတာ ဦးဇော်မြင့်ဖေ ကြည့်လိုက်ဦးနော်။ ငှားရမ်းမှု ပါမှာပေါ့။ (ဂ)မှာ။ ပါလား။ မပါဘူးနော်။ (ဂ)မှာ မပါဘူး။ ထည့်ရမှာ မဟုတ်လား။ ဟုတ်ပြီ။ လိုတယ်ပေါ့။ ရောင်းမှု၊ ဝယ်မှုနှင့် ငှားရမ်းမှု သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း ပြုရာတွင် မပါဝင်ရ။

၁၂။ (က) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် စတင် တာဝန်ထမ်းဆောင်သည့် နေ့ရက်မှ ငါးနှစ် ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ရွေးချယ် ခန့်ထားပြီးသည့်အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၁၃။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိသည့်အခါ ဝန်ကြီးဌာနသည် ယင်း ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ကို ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။

၁၄။ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

**ဥက္ကဋ္ဌ**။ ။ စီမံခန့်ခွဲရေးအဖွဲ့က မိမိကိုယ်ကိုမိမိ သတ်မှတ်မှာလား။

၁၄။ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးရဲ့သဘောထားလေး ပြောပါ။

**ဦးဉာဏ်ထွန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ထိုဥစ္စာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနရဲ့ Approval နဲ့ ပေါ့။ အခု ကျွန်တော်တို့ တခြား Board မှာတော့ ဝန်ကြီးဌာနရဲ့ Approval တော့ သူတို့ ပေးပါမယ်ဆိုတာ Approval တော့ တောင်းနေတယ်။ သူက အမြင့်ဆုံးအဖွဲ့အစည်း ဖြစ်နေတယ်။ ယေဘုယျအားဖြင့်တော့ သူတို့ သဘောတူပါတယ် ဥက္ကဋ္ဌကြီး။ ဝန်ကြီးဌာနကလည်း သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒါဆို စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပြီး ဝန်ကြီးဌာနက သဘောတူခွင့်ပြုသည့် အတည်ပြု ဆိုတာထက် သဘောတူခွင့်ပြုတယ် ဆိုတဲ့ Consonant က ကောင်းပါတယ်။ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။ ရတယ်နော်။

၁၅။ (က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင် ရာထူးလစ်လပ်လျှင် ထိုလစ်လပ်သည့် နေရာတွင်အဖွဲ့ဝင်သစ်ကို ဝန်ကြီးဌာနက ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က စီမံဆောင်ရွက်သည့်ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈၊ ၁၀၊ ၁၁၊ အပိုဒ် ၁၂(က)(ခ)(ဂ)၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၄၊ ၁၅၊ ၁၆(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈၊ ၉၊ ၁၀၊ အပိုဒ် ၁၁(က)(ခ)(ဂ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃၊ ၁၄၊ ၁၅(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၆)၊ အပိုဒ် ၁၇(ခ)(ဈ)(ည)(ဋ)၊ အပိုဒ် ၁၈(က)(ခ)(ဂ)(ဆ)(ည)(ဋ)(ဍ)

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ခ) ဝင်ငွေနှင့် အကျိုးအမြတ် တိုးတက်စေရေးအတွက် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မိမိလုပ်ငန်းတစ်ခုလုံး၏အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(စ) လေကြောင်းစီးပွားရေးလုပ်ငန်းဌာနများရှိ တာဝန်ခံဝန်ထမ်းများက ယင်းတို့တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ဖြင့် ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

( ခ ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ နိုင်ငံတော်အလံတင် လေကြောင်းလိုင်းဖြစ်သည့် အားလျော်စွာ သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

( ဂ ) သင့်လျော်သည့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

(ဃ) သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အကြံပေးပုဂ္ဂိုလ်များအား လိုအပ်ပါက တာဝန်ပေးအပ်နိုင်သည်။

(င) ကုန်ထုတ်လုပ်မှု ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်း စနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။

( စ ) စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံနှင့် လေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းနိုင်သည်။

( ဆ ) အခန္နုန်းထားများနှင့် ငှားရမ်းခများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်းတို့ ပြုနိုင်သည်။

(ဇ) ကျွမ်းကျင်သော ဝန်ထမ်းများ၊ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။ ပြည်တွင်းပြည်ပ သင်တန်းများသို့ စေလွှတ်နိုင်သည်။

**ဥပ္ပဒ**။ ။ ဖြင့် လား၊ နှင့် လား အဲဒီမှာ။ နှင့် ဖြစ်မယ်နော်။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) မြန်မာအမျိုးသားလေကြောင်းရှိ အရာထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများကို ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှ ဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ရမည်။

( ခ ) ပုဒ်မခွဲ(က) အရခန့်အပ်သော အရာထမ်းသည် အသက် ၆၀ ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေးကောင်းပြီး

ဆက်လက် တာဝန်ထမ်းဆောင်လိုသော အဆိုပါ အရာထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများကို အသက် ၆၅ နှစ် ပြည့်သည့်အချိန်အထိ တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်စေနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၁၉။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့သည့် နေ့ရက်မှစ၍ အချိန်ကာလ တွက်ချက်ပြီး ခံစားခွင့်ပြုရမည်။

**ဥက္ကဋ္ဌ**။ ။ ရွှေ့ က ဟာထိုး ကျန်နေတယ်။ ရွှေ့ ဖြစ်နေတယ်။

( ခ ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်း စီမံကိန်းလျာထားချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော ဝန်ထမ်းများအား ဆုကြေးငွေ (Bonus) ချီးမြှင့်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၇(ခ)(ဇ)(ည)(ဋ)၊ အပိုဒ် ၁၈(က)(ခ)(ဂ)(ဆ)(ည)(ဋ)(ဍ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၆(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၇(က)(ခ)(ဂ)(ဃ)(ဆ)(ဇ)(ဈ)(ည)၊အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၇)၊ အပိုဒ် ၁၉(က)(ခ)(စ)(ဇ)(ည)(ဋ)(ဍ)

၂၀။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် ရသုံးမှန်းခြေငွေစာရင်းတို့ကို ရေးဆွဲ၍ စီမံခန့်ခွဲရေးအဖွဲ့က စိစစ်အတည်ပြုရမည် ဟု ပြင်ဆင်ထားပါတယ်။

( ခ ) ရငွေ၊ ပေးငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် ပြည်တွင်းပြည်ပဘဏ်များတွင် စာရင်းများ ဖွင့်လှစ်ထားရှိရမည် ဟု ဖြည့်စွက်ထားပါတယ်။

( ဂ ) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့် ရှိသည်။

( င ) မိမိ၏ ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

( စ ) စီမံခန့်ခွဲရေးအဖွဲ့၏သဘောတူညီချက်ဖြင့်အောက်ပါ ရန်ပုံငွေများကို ထားရှိရမည် -

(၁) ဆုကြေးရန်ပုံငွေ၊

(၂) သက်သာချောင်ချိရေးရန်ပုံငွေ၊

(၃) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(၄) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(၅) အခြားလိုအပ်သော ရန်ပုံငွေ။

(ဆ) ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်ထားရှိပြီး ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

( ဇ ) အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည် -

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(၄) အရှုံး/အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

( ဈ ) စာရင်းဇယားများကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခံရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉(က)(ခ)(စ)(ဇ)(ည)(ဋ)(ဍ) ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၀(က)(ခ)(ဂ)(င)(စ)(ဆ)(ဇ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊ အပိုဒ် ၂၃(က)

အခန်း(၈)

ဆုကြေးငွေချီးမြှင့်ခြင်း

၂၁။ မြန်မာအမျိုးသားလေကြောင်းသည် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းရပ်တစ်ခုချင်းအလိုက် သတ်မှတ်စံချိန်စံနှုန်းဖြင့် တွက်ချက်ထားသည့် အပိုကြေးကို ခံစားခွင့်ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၃(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁)၊ အပိုဒ် ၂၅၊ ၂၆၊ ၂၉(က)(ခ)

အခန်း(၉)

အထွေထွေ

၂၃။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် မြန်မာအမျိုးသားလေကြောင်း၏ အရာထမ်း၊ အမှုထမ်း အားလုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သောအပြုအမူကို ပြုသောအခါ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည် ဟု မှတ်ယူရမည်။

၂၄။ ဤဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

**ဥက္ကဋ္ဌ**။ ။ ဒီ မစွဲဆိုရဆိုတဲ့ စကားလုံးက မ ကပျောက်သွားတဲ့အတွက် စွဲဆိုခြင်းမပြုရ ဆိုတာမျိုး ရေးပါ။ စွဲဆိုခြင်း မပြုရ။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် မြန်မာအမျိုးသားလေကြောင်းသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၂၅၊ ၂၆၊ ၂၉(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၃၊ ၂၄၊ ၂၅(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

နိဒါန်း၊ အခန်း(၁)၊ အပိုဒ် ၂(ခ)၊ အခန်း(၃)၊ အပိုဒ် ၅(ခ)၊ အခန်း(၅)၊ အပိုဒ် ၉၊ အခန်း(၆)၊ အပိုဒ် ၁၇(ဂ)(ဃ)(င)(ဆ)(ဈ)၊ အပိုဒ် ၁၈(င)(ဇ)(ဈ)(ဋ)(ဎ)၊ အခန်း(၇)၊ အပိုဒ် ၁၉(ဃ)(င)(ဆ)(ဇ-ဍ)(ဋ)၊ အခန်း(၈)၊ အခန်း(၉)၊ အခန်း(၁၀)၊ အပိုဒ် ၂၃(ခ)၊ အခန်း(၁၁)၊ အပိုဒ် ၂၇၊ ၂၈ တို့ကို ပယ်ဖျက်ထား ပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏ အခန်း(၄)၊ အပိုဒ် ၇(က)(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၄)၊ အပိုဒ် ၇(ဏ)၊ အခန်း(၅)၊ အပိုဒ် ၁၂(ဂ)(ဃ)(င)၊ အခန်း(၆)၊ အပိုဒ် ၁၆(က)(ဂ)၊ အပိုဒ် ၁၇(ခ)(င)(စ)၊ အခန်း(၇)၊ အပိုဒ် ၂၀(ဃ)၊ အခန်း(၈)၊ အပိုဒ် ၂၂၊ အခန်း(၉)၊ အပိုဒ် ၂၆ တို့ကို မူလအဆိုပြုချက် အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ခုန ပြည်ထောင်စုဝန်ကြီးဌာန ဆိုသည်မှာဆိုတဲ့ Definition မှာ ဝန်ကြီးဌာနရဲ့အမည်ကို တိတိကျကျ ထည့်မယ့်အစား ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန် ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည် ဆိုရင် နောင်အရှည်သဖြင့် ဝန်ကြီးဌာနအမည်တွေ ပြောင်းလဲရင် တောင်မှပဲ ဒီအတိုင်း ဥပဒေက အတည်ဖြစ်သွားမယ်။ ဝန်ကြီးဌာနရဲ့လက်ရှိအမည်ကိုပဲ တိတိကျကျ ထည့်လိုက်မယ်ဆိုရင် နောင် အစိုးရဆက်ဆက် ဝန်ကြီးဌာနတွေ အမည်ပြောင်းတာတို့ ပြောင်းလဲဖွဲ့စည်း တာတို့ဆိုရင် ပြန်ပြီးတော့ လိုက်ပြီးတော့ ပြင်နေရမယ့် အနေအထားရှိတယ်။ ဒီဥပဒေကစပြီးတော့ နောင် တောက်လျှောက်ပေါ့။ အဲဒီလို လုပ်သင့်တယ်ဆိုရင် လုပ်ဖို့ ပြောတာပါ။

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့လေကြောင်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့လေကြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးဉာဏ်ထွန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်အပ် ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာ့လေကြောင်းဥပဒေကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေး နိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့လေကြောင်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) ကျွန်တော် ဦးဉာဏ်လင်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အတည်ပြုရန် မျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ မြန်မာ့လေကြောင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာ့လေကြောင်းဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၄၅) နာရီတွင် ခေတ္တရပ်နားပြီး (၁၂း၄၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၂း၄၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားတဲ့ပုဂ္ဂိုလ် (၁၂)ယောက်ရှိပါတယ်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကော်မတီအစည်းအဝေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြင်ဆင်ရေး အစည်းအဝေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်းအတိုင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ၎င်းအတိုင်း။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးမြည်မိမ်း၊ ရန်ကုန်(၇)၊ ၎င်းအတိုင်း ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။ ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ချူးကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားသည့် ချူးကလီးယားပညာရပ် ယခုထက်ပိုမို၍အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထား ပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၀။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် ခေါင်းစဉ်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် တင်သွင်းခဲ့တဲ့ ချူးကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မြန်မာနိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံမှာ လူတစ်ဦးချင်းသုံးနိုင်တဲ့ လျှပ်စစ်ကီလိုဝပ်ဟာ ဆိုလို့ရှိရင် (၈၄.၀၂)ကီလိုဝပ် ဖြစ်ပြီး လာအိုနိုင်ငံအနေနဲ့ဆိုရင် လူတစ်ဦးချင်းသုံးနိုင်တဲ့ ကီလိုဝပ်က (၃၃၈.၂၈)ကီလိုဝပ် သုံးပါတယ်။

စင်ကာပူနိုင်ငံမှာ လျှပ်စစ်နဲ့ပတ်သတ်ပြီးတော့မှ လူတစ်ဦး သုံးနိုင်တာက (၇၆၉၅.၉၁)ကီလိုဝပ် သုံးနိုင်ပါတယ်။ အဲဒီတော့ စင်ကာပူနဲ့ မြန်မာနဲ့ အချိုးချလိုက်လို့ရှိရင် (၁း၁)လောက် သုံးနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်စွမ်းအားအနေနဲ့ မြန်မာနိုင်ငံမှ ထုတ်လုပ်နိုင်မှုဟာ (၃၄၉၄) မီဂါဝပ် ထုတ်လုပ်နိုင်ပြီး ၂၀၂၀ လောက်ဆိုရင် လိုအပ်မှာက မီဂါဝပ် (၈၀၆၄)မီဂါဝပ် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားနဲ့ လျှပ်စစ်စွမ်းအား ထုတ်တဲ့အခါမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ နံပါတ်(၁) က ရေစွမ်းအင်၊ ရေအရင်းအမြစ်စွမ်းအင်၊ လေစွမ်းအင်၊ နေစွမ်းအင် အပြင်ကို ကျွန်တော်တို့ သမုဒ္ဒရာထဲကနေပြီးတော့ ဂတ်စ်နဲ့ ပတ်သတ်ပြီးတော့ စွမ်းအင်တွေ ထုတ်တယ်။ အဲဒါနဲ့တင် မလုံလောက်သေးပါဘူး။ တကယ်လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့က စက်မှုလက်မှုနိုင်ငံ ကြီးကြီးမားမား ဖြစ်ချင်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များများစားစား လာစေချင်တယ်ဆိုလို့ရှိရင် စွမ်းအင်ဟာ ပြည့်စုံဖို့ လိုပါတယ်။

ဒါကြောင့်မို့လို့ လက်ရှိ နိုင်ငံတကာမှာ သုံးနေတဲ့ တချို့အင်အားကြီးနိုင်ငံ ခေတ်မီနိုင်ငံမှာ သုံးနေတဲ့ အနုမြူစွမ်းအင်နဲ့ လျှပ်စစ်ထုတ်လုပ်တဲ့နည်းကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ လေ့လာသုံးသပ်ဖို့လိုပါတယ်။ အဲဒီမှာ ကျွန်တော်လေ့လာတဲ့ စာစောင်အရဆိုလို့ရှိရင် နံပါတ် (၁) က ကျွန်တော်တို့ ဒီ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇၊ ၂၈၊ ၂၉ မှာ International Ministries Conference ကနေပြီးတော့ Nuclear Power In The 21st Century ဆိုတာ စာစောင်တစ်စောင် သူတို့ ထုတ်လာပါတယ်။ အဲဒီ ထုတ်လာတဲ့အခါမှာ ဆိုလို့ရှိရင် Nuclear Power နဲ့ပတ်သတ်ပြီးတော့ ဘာပဲဖြစ်ဖြစ် စိုးရိမ်စရာ မလိုတဲ့အကြောင်း 3S နဲ့ Safeguard, Safety And Security လုပ်တဲ့အတွက်ကြောင့် ဘာမှ စိုးရိမ်စရာ မလိုတဲ့အကြောင်းကို သူတို့ ရေးသား ဖော်ပြထားပါတယ်။ အဲဒီထဲမှာမှတစ်ခါ အစည်းအဝေး လုပ်ပြီးတော့ Russian Federation မှာ St Petersburg မှာ ကျွန်တော်တို့ ပညာရှင်တွေ ဆွေးနွေးပြီးတော့ အချက်(၁၁) ချက်ကို သူတို့ ထုတ်ပြန်ခဲ့ပါတယ်။

အဲဒါကတော့ IAEA Bulletin လို့ ခေါ်ပါတယ်။ အဲဒီတော့ စာစောင်ပေါ့လေ၊ IAEA စာစောင်။ အဲဒီမှာ ပထမအချက် First Slide အနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ ဒါကလည်း အကျဉ်းချုပ်ပဲ တင်ပြမှာပါ။ Nuclear Power, Energy Economics And Energy Security ဒါကလည်း ခုနလိုပေါ့ မြန်မာလိုဆိုရင် နျူးကလီးယားစွမ်းအင်ဆိုင်ရာ စီးပွားရေးနှင့် လုံခြုံရေး Subject ကို ဆွေးနွေးသွားကြပါတယ်။ Next Slide - 2 အနေနဲ့ Energy and Sustainable Development စွမ်းအင်နှင့် ထိန်းသိမ်းနိုင်သော တိုးတက်မှု၊ ဒါက Next Slide - 2။ နောက် Next Slide - 3 အနေနဲ့ ကတော့ Nuclear Energy Role In Mitigating Climate Change And Air Pollution ရာသီဥတု ပြောင်းလဲမှုနှင့် လေထုညစ်ညမ်းမှု ပြင်းထန်မှုကို လျှော့ပါးစေရန်အတွက် နျူးကလီးယား စွမ်းအင်ကဏ္ဍ။ နောက် Next Slide - 4 အနေနဲ့ကတော့ Nuclear Power Today And Tomorrow ယနေ့ နျူးကလီးယားစွမ်းအင် အနေအထားနှင့် အနာဂတ်အလားအလာ။ Next Slide - 5 အနေနဲ့ကတော့ Supporting New Nuclear Power Programmes နျူးကလီးယားစွမ်းအား စီမံကိန်းများကို အထောက်အပံ့ပေးနိုင်မှု။ နောက် Next Slide - 6 အနေနဲ့ကတော့ Solution For Waste Management စွန့်ပစ်ပစ္စည်းများကို ထိန်းချုပ်ရေးအတွက် အဖြေရှာခြင်း။ နောက် Next Slide - 7 အနေနဲ့ကတော့ Building Public Trust In Nuclear Power နျူးကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု

ယုံကြည်မှုအတွက် တည်ဆောက်ခြင်း။ နောက် Next Slide - 8 အနေနဲ့ကတော့ အနာဂတ်နျူးကလီးယား အလုပ်သမားလေ့ကျင့်ပေးရေးကိစ္စ။ နောက်တစ်ခုက Next Slide - 9 အနေနဲ့ကတော့ Nuclear Safety Through International Cooporation နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုဖြင့် နျူးကလီးယားလုံခြုံမှု တည်ဆောက်ခြင်း။ နောက် Next Slide -10 အနေနဲ့ကတော့ Achieving Nuclear Sustainable Through Innovation မွမ်းမံပြုပြင်ခြင်းနှင့် နျူးကလီးယားစွမ်းအင် တည်ဆောက်မှုကို တိုးတက်ဖွံ့ဖြိုး စေခြင်း။ Next Slide - 11 ကတော့ Key Statistics အနေနဲ့ကတော့ လောလောဆယ်မှာ သူတို့ နျူးကလီးယား စွမ်းအင်ဖြင့် လျှပ်စစ်ထုတ်တဲ့နိုင်ငံ ဆိုလို့ရှိရင် အားလုံးပေါင်း (၃၃)နိုင်ငံရှိပါတယ်။

အဲဒီထဲမှာမှ အာရှနိုင်ငံ (၅)နိုင်ငံပါတယ်။ အိန္ဒိယ၊ တောင်ကိုရီးယား၊ အီရန်၊ အာရပ်စော်ဘွား၊ နောက်တစ်ခါ တရုတ်နိုင်ငံ (၂)နိုင်ငံပါဝင်တယ် ထိုင်ဝမ်နဲ့။ အားလုံးပေါင်း (၃၃)နိုင်ငံ။ အဲဒီထဲမှာမှ နျူးကလီးယားစွမ်းအင်သုံးစက်ရုံက အားလုံးပေါင်း ဘယ်လောက်ရှိလဲဆိုတော့ (၄၃၇)စက်ရုံရှိပါတယ်။ ထုတ်လုပ်နိုင်တဲ့ မီဂါဝပ်အနေနဲ့ကတော့ (၃၇၂၆၁၃)မီဂါဝပ် ထုတ်လုပ်နိုင်ပါတယ်။ နောက် ဆောက်လုပ်ဆဲ ခုနလိုပေါ့၊ Under Construction အနေနဲ့ကတော့ (၆၈)ရုံရှိပါတယ်။ အဲဒီတော့ သဘောပြောရမယ် ဆိုလို့ရှိရင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ကျွန်တော်တို့ နံပါတ်တစ်က အနုမြူစွမ်းအင်ပညာရှင်တွေ စတင်ပျိုးထောင်ရပါမယ်။ လိုအပ်တဲ့ ကုန်ကြမ်းတွေ၊ Materials တွေ ကျွန်တော်တို့စုဆောင်းရပါမယ်။ နိုင်ငံတကာနဲ့ ဆက်သွယ်ပြီးတော့ သူတို့ရဲ့ အနုမြူ စွမ်းအင်စက်ရုံတိုင်းမှာ သွားရောက်ပြီးတော့ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်လာရပါမယ်။ အဲဒါ ပြီးလို့ ရှိရင်ကျမှ နိုင်ငံဖွံ့ဖြိုး တိုးတက်ဖို့က စွမ်းအင်မှာ လုံလောက်ပြီးဆိုရင် နိုင်ငံခြားရင်းနှီးရာ လာရောက် ရင်းနှီးမြှုပ်နှံမှုတွေဟာ စိတ်ချပြီးတော့ လာမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်စွမ်းအင် ထုတ်လုပ်တဲ့နေရာမှာ အနုမြူစွမ်းအင်နဲ့က ကိုယ့်တစ်နိုင်ငံတည်း လုပ်တာမဟုတ်ဘူး။ ကမ္ဘာ့နိုင်ငံများမှာ တိုးတက်မယ်ဆိုတဲ့ နိုင်ငံတွေအားလုံးဟာ ကြိုးစားနေကြတယ်။ ထို့အတူပဲ ဘေးဥပါဒ် မဖြစ်အောင်လည်း ကြိုတင်ကာကွယ်မှုစနစ် ကျွန်တော်တင်ပြခဲ့တဲ့ 21st Century IAEA ရဲ့ ဆောင်ရွက်မယ့် အခြေအနေကို ဘာမှ မယုံကြည်နိုင်စရာ အကြောင်းမရှိပါဘူး။ ဒါမှမဟုတ် ကိုယ့်နိုင်ငံအနေနဲ့က လိုအပ်တဲ့ ပညာရှင်တွေ၊ လိုအပ်တဲ့ Materials တွေ၊ လိုအပ်တဲ့ ကုန်ကြမ်းတွေကို ယခုထဲက စတင်ပြီးတော့ စုဆောင်းဖို့ရန်အတွက် တင်ပြရင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် တင်သွင်းသွားသော နျူးကလီးယားပညာရပ်ကို ယခုထက်ပိုမို၍ အလေးထား ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား အပြည့်အဝထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီး မှ တစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၃း၀၆။**

**ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဒီကနေ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၉၃၇၂ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့ ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ ၁၆-၆-၂၀၁၄ ရက်နေ့က အဆိုတင်သွင်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် ရဲ့ နျူးကလီးယားပညာရပ် ယခုထက် ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ စပ်လျဉ်းပြီးတော့ ထောက်ခံဆွေးနွေး အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စကားလုံးအချို့ကို အင်္ဂလိပ်လို ပြောကြားခွင့်နှင့် Power Point နှင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဆိုလို့ ရှိရင် ရေနံသဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စတဲ့ သဘာဝစွမ်းအင် အရင်းအမြစ်တွေကို အသုံးပြု ပြီးတော့ ၎င်းတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒီလိုသဘာဝစွမ်းအင် အရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲမှုတွေ များပြားလာတာနဲ့အမျှ တစ်နေ့တစ်ခြား ရှားပါးလာနေပြီ ဖြစ်ပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးတွေဟာ ဆိုလို့ရှိရင် စွမ်းအင် အရင်းအမြစ် နည်းပါးမှုနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားပြီးတော့ စွမ်းအင်ရေရှည်အသုံးပြုနိုင်တဲ့ နည်းလမ်းတွေကို ရှာဖွေလာကြပါတယ်။

(၂၀)ရာစု အလယ်ပိုင်းကနေစပြီးတော့ နျူးကလီးယားနည်းပညာကို အခြေခံပြီးတော့ ရယူထားတဲ့ နျူးကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို တည်ဆောက်ခဲ့ကြ ပါတယ်။ ဒီလို တည်ဆောက်နိုင်ခဲ့ခြင်းဟာ အဲဒီနိုင်ငံတွေမှာ နျူးကလီးယားနည်းပညာရပ်တွေ ရယူပိုင်ဆိုင်ထားနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ နျူးကလီးယားနည်းပညာကို အသုံးပြုပြီးတော့ ကျွန်တော်တို့ ငြိမ်းချမ်းစွာနဲ့ အကျိုးရှိရှိအသုံးပြုနိုင်တဲ့ နယ်ပယ်ကဏ္ဍပေါင်း များစွာရှိပါတယ်။ အဲဒီတော့ စိုက်ပျိုးရေးကဏ္ဍမှာဆိုရင် မျိုးစေ့တွေကို စံချိန်စံညွှန်းပြည့်မီအောင်၊ အပင်တွေ ရှင်သန်ကြီးထွားအောင်၊ အသီးအနှံတွေ အထွက်တိုးအောင် နျူးကလီးယားနည်းပညာနဲ့ စီမံဆောင်ရွက်လို့ရပါတယ်။ စက်မှုကဏ္ဍမှာဆိုရင်လည်း စက်ပစ္စည်းပိုင်းတွေ၊ Engineering လုပ်ငန်းတွေမှာ အထောက်အပံ့ အများကြီးပြုပါတယ်။ ဆေးပညာကဏ္ဍတွေမှာဆိုရင်လည်း ရောဂါရှာဖွေခြင်းတွေ၊ ကုသခြင်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ သုတေသနလုပ်ငန်းတွေနဲ့ အခြားပညာရပ်ဆိုင်ရာ နယ်ပယ်တွေမှာလည်း သုံးစွဲလျက်ရှိပါတယ်။ အထူးသဖြင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍကို သာဓကတစ်ခုအနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ပထမဦးဆုံး နျူးကလီးယားစွမ်းအင်သုံးပြီးတော့မှ လျှပ်စစ်ဓာတ်အား စမ်းသပ်စတင်ထုတ်လုပ်ခြင်းကို အမေရိကန်နိုင်ငံ၊ အင်ဒါဟုတ်ပြည်နယ်၊ အယ်လ်ကိုမြို့အနီးမှာရှိတဲ့ EBR - 1 စမ်းသပ်သုတေသနဌာနကနေပြီးတော့ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့မှာ စတင်စမ်းသပ်ထုတ်လုပ်ခဲ့ပါတယ်။ ကမ္ဘာ့ပထမဆုံး နျူးကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်ခြင်းကိုတော့ ရုရှားနိုင်ငံ၊ အိုညက်မြို့အနီးမှာရှိတဲ့ စက်ရုံကနေပြီးတော့ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့မှာ စတင်လည်ပတ်ခဲ့ပါတယ်။ တင်ပြပါပုံကတော့ ဒါနျူးကလီးယားနည်းပညာ ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်ခုရဲ့ နျူးကလီးယားစွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖြစ်ပါတယ်။

ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီရဲ့ ၁၀-၁-၂၀၁၂ ရက်နေ့အထိ ထုတ်ပြန်ထားတဲ့ စာရင်းတွေအရ ကမ္ဘာပေါ်မှာ နျူးကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအခြေအနေကို တင်ပြရမယ်ဆိုရင် နိုင်ငံပေါင်း(၃၀) ကနေပြီးတော့ လည်ပတ်နေတဲ့ စက်ရုံပေါင်း (၄၃၅)လုံးရှိပြီးတော့ လျှပ်စစ်ဓာတ်အား (၃၆၀၀၀၀)ကျော် မီဂါဝပ်ကို ထုတ်လုပ်ပေးလျက်ရှိပါတယ်။ နိုင်ငံပေါင်း (၁၄)နိုင်ငံကနေပြီးတော့ ဆောက်လုပ်နေဆဲ စက်ရုံပေါင်း(၆၃)လုံးရှိပြီးတော့ လျှပ်စစ်ဓာတ်အား (၆၁၀၀၀)မီဂါဝပ်ကျော်ကို ထုတ်လုပ်ပေးနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ၊ တရုတ်နိုင်ငံရဲ့ အခြေအနေကို တင်ပြထားခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်၊ အာဆီယံနိုင်ငံတွေရဲ့ လူတစ်ဦးချင်းစီ အသုံးပြုတဲ့ လျှပ်စစ်ပမာဏ အခြေအနေကို တင်ပြပါမယ်။ တင်ပြပါပုံကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ အနည်းဆုံး အသုံးပြုထားတာကို သွားတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူတစ်ဦးချင်းစီ အသုံးပြုတဲ့ လျှပ်စစ်ပမာဏဟာ အများဆုံးအသုံးပြုတဲ့ စင်ကာပူနိုင်ငံနဲ့ နှိုင်းယှဥ်မယ်ဆိုလို့ရှိရင် (၁.၁)ရာခိုင်နှုန်းသာရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ လူတစ်ဦးချင်းစီ အသုံးပြုနိုင်တဲ့ လျှပ်စစ်ပမာဏဟာ လွန်စွာနည်းပါးကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ နျူးကလီးယားစွမ်းအင်ကို Nuclear Fusion Prosess လို့ခေါ်တဲ့ နျူးကလီးယားပြိုကွဲမှုကနေပြီးတော့မှ ရယူပြီးတော့ နျူးကလီးယားလောင်စာအဖြစ်နဲ့ Uranium - 235 လောင်စာကို အသုံးပြုထားတာဖြစ်ပါတယ်။ နျူးကလီးယားပြိုကွဲမှု ဖြစ်စဥ်ကနေထွက်လာတဲ့ အပူစွမ်းအင်ကို စဥ်ဆက်မပြတ် စွမ်းအင်ရရှိအောင် ဖန်တီးပြီးတော့မှ ကျွန်တော်တို့ ဒီလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူခြင်း ဖြစ်ပါတယ်။ တင်ပြပါပုံတွေကတော့ နျူကလီးယားစွမ်းအင်ကနေပြီးတော့ ထွက်လာတဲ့ အပူစွမ်းအင်တွေကို အသွင်ပြောင်းပြီးတော့မှ လျှပ်စစ်စွမ်းအင်ထုတ်ယူတဲ့ သရုပ်ဖော်ပုံတွေပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီ နျူးကလီးယားစွမ်းအင်မှာ အဓိကသုံးတဲ့ နျူးကလီးယားလောင်စာဖြစ်တဲ့ Uranium လောင်စာ ဒီ (235) လောင်စာကို (၁) ကီလိုဂရမ် သုံးပြီးတော့မှ ထွက်လာတဲ့ စွမ်းအင်ဟာ ကျွန်တော်တို့ ကျောက်မီးသွေး တန်ချိန် (၃၀၀၀) ကို သုံးပြီးတော့ ထွက်လာတဲ့ စွမ်းအင်နဲ့ ညီမျှပါတယ်။ ကျွန်တော်တို့ ရေနံဂါလံပေါင်း(၅)သိန်းကို သုံးပြီးတော့ ထွက်လာတဲ့ စွမ်းအင်နဲ့လည်း ညီမျှပါတယ်။ နျူးကလီးယားစွမ်းအင်ကို ကျွန်တော်တို့ သုံးခြင်းအားဖြင့် တခြားသဘာဝစွမ်းအင် အရင်းအမြစ်တွေဖြစ်တဲ့ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ လောင်စာဆီအမျိုးမျိုးကို သုံးပြီးတော့မှ ထွက်လာတဲ့

ဆိုးကျိုးတွေထက် အထူးသဖြင့် ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေ၊ ပျက်စီးမှု၊ နည်းပါးမှုတွေ ဖြစ်ပါတယ်။။

နောက်တစ်ခါ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုတွေကို လျှော့ချမှုပြုလုပ်နိုင်ပါတယ်။ ဒီမှာ အသုံးပြုတဲ့ နျူးကလီးယားလောင်စာ ဖြစ်တဲ့ Uranium - 235 ကို တစ်ခါထည့်ထားပြီးရင် နျူးကလီးယား ဓာတ်ပေါင်းဖိုမှာ အသုံးပြုလိုက်မယ်ဆိုလို့ရှိရင် တစ်နှစ်၊ နှစ်နှစ် စသည့်နှစ်ရှည်လများ အသုံးပြုနိုင်တဲ့ လောင်စာဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ယူရေနီယမ်နဲ့ ဆက်စပ်ပတ်သတ်တဲ့ ပုံတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ နျူးကလီးယားစွမ်းအင်ဟာ တခြားစွမ်းအင်ထက် အားသာချက်တွေ အများကြီးရှိပါတယ်။ နျူးကလီးယားစွမ်းအင်ကို ကျွန်တော်တို့ သုံးပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ့်စက်ရုံတွေကို တည်ဆောက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အခြေခံစဥ်းစားသုံးသပ်ရမယ့် အချက်တွေကတော့ နျူးကလီးယားနည်းပညာတွေနဲ့ ကျွမ်းကျင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးမွေးထုတ်ပေးဖို့ လိုပါတယ်။

နောက် တည်ဆောက်မယ့်စက်ရုံရဲ့ အဆောက်အဦပုံစံဒီဇိုင်းတွေ၊ Engineering လုပ်ငန်းတွေ၊ အထောက်အကူပြုလုပ်ငန်းတွေ၊ နောက်စက်ရုံတည်ဆောက်မယ့် ကုန်ကျစရိတ်တွေ၊ နောက် စက်ရုံတည်ဆောက်မယ့် မြေနေရာနဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်အနေအထားတွေ ဒီအချက်တွေကို အဓိကထား စဥ်းစားသုံးသပ်ရမှာ ဖြစ်ပါတယ်။ မြေနေရာ ရွေးချယ်တဲ့နေရာမှာလည်း အရေးပေါ် စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အနီးဆုံးဖြစ်စေဖို့၊ လုံခြုံရေးအဖွဲ့အစည်းတွေရဲ့ တည်နေရာတွေ၊ Essential Service Water System လို့ခေါ်တဲ့ စက်ရုံအတွက် ရေအလုပ်လုပ်စနစ်တွေ၊ ဒေသတွင်းဖြစ်ပေါ်နိုင်တဲ့ ပြစ်မှုဆိုင်ရာတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ စက်ရုံတည်ဆောက်မယ့် မြေမြေကျယ်ပြန့်မှုတွေ၊ စက်ရုံနားမှာရှိတဲ့ မြစ်၊ ချောင်းတွေနဲ့ နီးစပ်မှု ရှိ/မရှိ စတဲ့ အချက်တွေကို ကျွန်တော်တို့ ထည့်သွင်းစဥ်းစားရမှာ ဖြစ်ပါတယ်။

စက်ရုံရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ နေထိုင်ကျက်စားနေတဲ့ ကျွန်တော်တို့ သဘာဝတောရိုင်း တိရစ္ဆာန်တွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနဲ့ အစားအစာထုတ်လုပ်ခြင်းလုပ်ငန်းတွေ၊ ကျွန်တော်တို့ ဒီရာသီဥတုနဲ့ မြေဆီလွှာ အနေအထားတွေ၊ နောက် ရေစီးဆင်းမှု အသွားအလာစနစ်တွေ၊ ဒီအချက် တွေကို ကျွန်တော်တို့ အဓိကထားစဥ်းစားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နျူးကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ဒေသတည်ငြိမ်အေးချမ်းမှု အခြေအနေတွေကိုလည်း ထည့်သွင်း စဥ်းစားရမှာ ဖြစ်ပါတယ်။ နျူးကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ကျွန်တော်တို့ တည်ဆောက်တော့မယ်ဆိုရင် ကျွန်တော်တို့ Radiation Protection လို့ ခေါ်တဲ့ ဒီ ဓာတ်ရောင်ခြည် ကာကွယ်ရေးစနစ်တွေ၊ နောက်တစ်ခါ ကျွန်တော်တို့ Radioactive Waste Management လို့ ခေါ်တဲ့ ဒီ စက်ရုံကနေ ထွက်ရှိလာတဲ့ Radioactive ဖြစ်နေတဲ့ Materials တွေ၊ ရေဒီယို သတ္တိကြွနေတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ ဘယ်လိုစွန့်ပစ်မှာလဲ စတဲ့ စွန့်ပစ်တဲ့စနစ်၊ ဒါတွေ အရေးကြီးပါတယ်။ နောက်တစ်ခါ နျူးကလီးယား ဘေးကင်းလုံခြုံမှုစနစ်တွေ၊ နောက် နိုင်ငံအတွင်း မှာရှိတဲ့ ဒီ နျူးကလီးယား ဘေးကင်းလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်အဖွဲ့တွေနဲ့ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှု အခြေအနေတွေ၊ နောက် နိုင်ငံတကာသဘောတူစာချုပ်တွေ၊ နောက် ကျွန်တော်တို့ IAEA ကနေပြီးတော့

ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ ဒီအချက်တွေကို ကျွန်တော်တို့ သတိပြု ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ နျူးကလီးယားပညာရပ်တွေ၊ နျူးကလီးယားနည်းပညာတွေကို ငြိမ်းချမ်းစွာ အသုံးချမှုအတွက် အတည်ပြုနိုင်ခွင့် အပြည့်အဝရရှိရန် ရည်ရွယ်ပြီးတော့ Treaty of the Non-proliferation of the Nuclear Weapons လို့ခေါ်တဲ့ ဒီ NPT နျူးကလီးယား လက်နက် မပြန့်ပွားရေးစာချုပ်ကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်နေ့မှာ IAEA နဲ့ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ ပါတယ်။ NPT စာချုပ်အရ ကျွန်တော်တို့နိုင်ငံဟာ ဒီ နျူးကလီးယားလုပ်ငန်းတွေ၊ နျူးကလီးယားပစ္စည်း တွေကို IAEA ရဲ့ စောင့်ကြပ်မှုအောက်မှာ ထားရှိရေးဆိုင်ရာ သဘောတူစာချုပ်တစ်ခုဖြစ်တဲ့ Conprehensive Safeguard Agreements လို့ ခေါ်တဲ့ CSA နဲ့ သူရဲ့ နောက်ဆက်တွဲ ဖြစ်တဲ့ Small Quantities Protocol - SQP စတဲ့ သဘောတူညီချက် စာချုပ်တွေကို IAEA နဲ့ ကျွန်တော်တို့ ဒီ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော် တို့ ဒီ NPT ရဲ့ နောက်ဆက်တွဲဖြစ်တဲ့ National Protocol and Safety Agreements လို့ ခေါ်တဲ့ ကျွန်တော်တို့ နောက်ဆက်တွဲ သဘောတူညီချက်တွေကိုလည်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်နေ့မှာ ကျွန်တော်တို့ Radify လည်း IAEA နဲ့ လုပ်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အထက်က ကျွန်တော်တင်ပြခဲ့တဲ့ CSA တွေ၊ SQP တွေ၊ နောက် National Protocol and Safety Agreements လို့ ခေါ်တဲ့ နောက်ဆက်တွဲ သဘောတူညီချက်တွေ၊ ဒီ အချက်အလက်တွေက ကျွန်တော်တို့နိုင်ငံဟာ တင်ပြပါအချက်တွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ နျူးကလီးယားပစ္စည်းတွေ၊ နျူးကလီးယားနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက် တွေကို IAEA နဲ့ ချိတ်ဆက်ပြီးတော့မှ အသိပေးအကြောင်းကြားခြင်းတွေ ဆောင်ရွက်ရပါတယ်။ နျူးကလီးယားပစ္စည်းတွေ၊ ဒီ Nuclear Fuel အဖြစ်နဲ့ လောင်စာအဖြစ်နဲ့ အသုံးပြုတဲ့ Plutonium 239၊ ယူရေနီယမ် 235၊ နောက် ဒီ Natural Uranium နဲ့ Thorium ဒီ နျူးကလီးယားလောင်စာ တွေကို ကျွန်တော်တို့ တင်ပြပါ ပမာဏ ထက် ကျော်လွန်ပြီးသုံးမယ်ဆိုရင် ဒါ အေဂျင်စီကို ကျွန်တော်တို့ ကြိုတင်ပြီးတော့ အသိပေးအကြောင်း ကြားခြင်းတွေ ပြုလုပ်ရပါတယ်။

အထက်က ကျွန်တော်တင်ပြခဲ့တဲ့ စာချုပ်ပါ အချက်အလက်တွေ၊ သဘောတူညီချက်တွေ ဒါတွေကိုလေ့လာကြည့်လို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ နျူးကလီးယားပညာနဲ့ ပတ်သက်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အကျိုးရှိရှိ အသုံးပြုမယ့် နယ်ပယ်တွေမှာ ဆောင်ရွက်ဖို့ ရည်ရွယ်ဆောင်ရွက်ခဲ့ ကြောင်း လေ့လာသိရှိနိုင်မှာ ဖြစ်ပါတယ်။

အဆိုရှင် ဒေါက်တာမြင့်ကြည် တင်သွင်းခဲ့တဲ့အတိုင်း တချို့သော ပြည်သူများဟာ ဒီ နျူးကလီးယားနဲ့ ဆိုလိုက်တာနဲ့ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်ပေါ်ကြပါတယ်။ ဒီ နျူးကလီးယားပစ္စည်း တွေကို သုံးမယ်။ နျူးကလီးယားနည်းပညာတွေကို အသုံးပြုမယ်ဆိုလိုရှိရင် Radiation သင့်မယ်။ ဓာတ်ရောင်ခြည်တွေ သင့်မယ်။ ထိခိုက်ပျက်စီးမယ်၊ သေကြေမယ်။ ဒီလိုပဲ သူတို့ အကြမ်းဖျင်း ယူဆကြ ပါတယ်။ ဒီလိုယူဆကြတဲ့ အဓိက အကြောင်းအရင်းကတော့ နျူးကလီးယားနည်းပညာရပ်တွေနဲ့ ကျွန်တော်တို့ နီးစပ်မှုမရှိဘဲနဲ့ များစွာအလှမ်းဝေးကွာနေခြင်းဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆမိ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အများပြည်သူတွေ နျူးကလီးယားပညာရပ်နဲ့ ပတ်သက်ပြီးတော့မှ

နီးစပ်မှုတွေရှိအောင်၊ ဗဟုသုတတွေ၊ အသိအမြင်တွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် နိုင်ငံတော်က နေပြီးတော့ ယခုထက် ပိုမိုပြီးတော့မှ လေ့ကျင့်ပညာပေးခြင်း၊ အားပေးအားမြှောက်ပြုခြင်း ဆောင်ရွက်ဖို့ လိုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ရိုးရာကလီးယား စွမ်းအင်ဟာ ဆိုလို့ရှိရင် ကျွန်တော် စောစောကတင်ပြခဲ့တဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စတဲ့ လောင်စာဆီအမျိုးမျိုးက ထွက်လာတဲ့ စွမ်းအင်တွေထက် များစွာသာလွန်မှုရှိကြောင်း လွှတ်တော် ကိုယ်စားလှယ်များအသိပဲ ဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ ရိုးကလီးယားနည်းပညာတွေ၊ နျူကလီးယား စွမ်းအင်တွေကို သုံးခြင်းအားဖြင့် ကျွန်တော်တို့မှာ အကျိုးကျေးဇူးအများကြီး၊ နယ်ပယ်ကဏ္ဍ အများကြီးမှာ အကျိုးပြုတဲ့ နယ်ပယ်တွေ အများကြီးရှိပါတယ်။ လျှပ်စစ်ထုတ်လုပ်မှုကဏ္ဍကိုလည်း ကျွန်တော်တို့ အကျိုးရှိအောင် အသုံးချလို့ ရပါတယ်။ ဒီလိုအသုံးချတဲ့နေရာမှာလည်း ကျွန်တော် စောစောကတင်ပြခဲ့တဲ့ အခြေခံစဉ်းစားသုံးသပ်ရမယ့် အချက်တွေ၊ သတိပြုဆင်ခြင်ရမယ့်အချက်တွေ၊ ဒီ အချက်တွေနဲ့ ပူးတွဲပြီးတော့မှ ဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ လက်ရှိ နိုင်ငံအခြေအနေအရ နည်းပညာနဲ့ အရင်းအနှီး အခက်အခဲ၊ ဒီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတွေကြောင့် ရိုးကလီးယားနည်းပညာတွေ၊ ရိုးကလီးယား စွမ်းအင်တွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင်သေးရင်တောင် နောင်အနာဂတ်မှာ ဒီ ရိုးကလီးယား နည်းပညာနဲ့ ပတ်သက်ပြီးတော့၊ ရိုးကလီးယားစွမ်းအင်နဲ့ ပတ်သက်ပြီးတော့ စွမ်းအင်လိုအပ်ချက်အရ မသုံးမဖြစ် သုံးကောင်း သုံးလာရနိုင်ပါတယ်။ ဒီလို အခြေအနေမျိုး ကြုံကြိုက်လို့ရှိရင် အောင်အောင် မြင်မြင်နဲ့ ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ ဒီ မျိုးဆက်သစ်လူငယ်တွေကို ခေတ်မီနည်းပညာရပ်တွေ ရရှိဖို့နဲ့ ဒီ ရိုးကလီးယား နည်းပညာရပ်တွေကို အဆင်သင့် အချိန်မရွေး ရယူအသုံးပြုဖို့အတွက် ဒီ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်တွေ၊ ရိုးကလီးယားပညာရှင်တွေကို စဉ်ဆက်မပြတ် လေ့ကျင့် ပျိုးထောင်သွားဖို့ လိုအပ်ပါတယ်ခင်ဗျား။ ဒီ လိုအပ်တဲ့ နည်းပညာတွေ၊ အရင်းအနှီးတွေကိုလည်း နိုင်ငံတော်က ယခုထက် ပိုမိုပြီးတော့မှ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ဒီလိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာ ကျွန်တော်တို့သွားနေတဲ့ ဒီနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ခေတ်မီနည်းပညာများနဲ့ တည်ဆောက်သွားနိုင်မယ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြရင်းနဲ့ အဆိုရှင် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၀။**

**ဗိုလ်မှူးသန်းထွန်းမြင့် (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၄၀၁ ဗိုလ်မှူးသန်းထွန်းမြင့် ဖြစ်ပါတယ်

ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ ဈူးကလီးယားပညာရပ်အား ယခုထက်ပိုမို အလေးထား ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီး ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြမှုမှာ အင်္ဂလိပ်စာအသုံးအနှုန်းများ သုံးစွဲခွင့်ပြုပါရန် တင်ပြအပ် ပါတယ်ခင်ဗျား။ ယခုအခါ ကမ္ဘာပေါ်မှာ လူသားတို့ရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်း၊ စက်မှုဆိုင်ရာ နည်းပညာများ ထွန်းကားလာခြင်းတို့ကြောင့် စွမ်းအင်လိုအပ်ချက်ဟာ တစ်နေ့တစ်ခြား ပိုမိုမြင့်မားလာလျက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ စွမ်းအင်အရင်းအမြစ်အဖြစ် ရုပ်ကြွင်းလောင်စာတွေဖြစ်တဲ့ ရေနံ၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့တွေကို အဓိကထားပြီးတော့ ထုတ်ယူသုံးစွဲလျက် ရှိပါတယ် ခင်ဗျား။ အခြားသော စွမ်းအင်အရင်းအမြစ်တွေကတော့ ရေအား၊ လေအား၊ နေရောင်ခြည်၊ ဘူမိအပူနဲ့ ဈူးကလီးယားစွမ်းအင်တို့ ဖြစ်ပါတယ်ခင်ဗျား။ ဈူးကလီးယားနည်းပညာကို လူသားအကျိုးပြုနယ်ပယ် တွေမှာ သုံးစွဲလျက်ရှိကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

အသုံးပြုတဲ့ နယ်ပယ်တစ်ခုကတော့ ရေဒီယိုသတ္တိကြွ Isotope တွေကို ထုတ်လုပ်တဲ့နေရာမှာ ဖြစ်ပါတယ်ခင်ဗျား။ ရေဒီယိုသတ္တိကြွ Isotope တွေကို သူတို့ရဲ့ အသုံးချမှုနယ်ပယ် နည်းလမ်း အပေါ်မူတည်ပြီးတော့ အုပ်စု(၄)စုခွဲခြားနိုင်ပါတယ်။ ဒါကတော့ Irradiation, Injection, Radiation Source နဲ့ Radiation Source for Power Generation ဆိုပြီးတော့ (၄)မျိုး ခွဲခြားနိုင်ပါတယ် ခင်ဗျား။ Radio Isotope Gauge တွေကို ဝတ္ထုပစ္စည်းတွေရဲ့ အထူ၊ သိပ်သည်းမှုနဲ့ ဂုဏ်သတ္တိတွေကို တိုင်းတာတဲ့ နေရာမှာ အသုံးပြုလျက်ရှိပါတယ်ခင်ဗျား။ ရေဒီယို Isotope Gauge တွေဟာ တိုင်းတာမယ့် ပစ္စည်းတွေကို ထိတွေ့ခြင်းမရှိဘဲနဲ့ အဆက်မပြတ် တိုင်းတာနိုင်ပြီးတော့ သူတို့ကို Electronic Detector နဲ့ ချိတ်ဆက်ထားတဲ့အတွက်ကြောင့်မို့လို့ တိုင်းတာရရှိတဲ့ ရလဒ်တွေကို တိကျပြတ်သားစွာ ဖော်ပြနိုင် ပါတယ်။ သုတေသနလုပ်ငန်းတွေမှာတော့ Radioactive Tracer တွေကို ခြေရာခံ တိုင်းတာတဲ့ နေရာမှာ အသုံးချလျက်ရှိပါတယ်။

ဆက်လက်ပြီး အစားအသောက်ပြုပြင်ထုတ်လုပ်အသုံးချတဲ့ နေရာတွေမှာ အသုံးပြုလျက် ရှိကြောင်း တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ Particle Accelerator ကို အသုံးပြုပြီးတော့ စွမ်းအင်မြင့် Beta နဲ့ Gamma ရောင်ခြည်တွေကို ထုတ်လုပ်နိုင်ပါတယ်။ ဒီရောင်ခြည်တွေကို အသုံးပြုပြီးတော့ အစား အသောက်တွေကို သက်တမ်းကြာရှည်စွာ ထိန်းသိမ်းထားနိုင်ဖို့အတွက် အသုံးချနိုင်ပါတယ် ခင်ဗျား။ အအေးခံထားတဲ့ ငါးတွေကို Radiation Dose ပြုလုပ်ပေးခြင်းဖြင့် မူလသက်တမ်းထက် နှစ်ဆပိုမို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ကြောင်း တွေ့ရှိရပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးနယ်ပယ်မှာလည်း အသုံးချလျက်ရှိကြောင်း တင်ပြသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။ ကျန်းမာရေးဆိုင်ရာ ရောဂါရှာဖွေရေးနဲ့ ကုသရေး၊ ဆေးသုတေသနလုပ်ငန်းတွေမှာ ရေဒီယို Isotope တွေကို တွင်ကျယ်စွာ အသုံးပြုလျက် ရှိပါတယ်။ X-Ray၊ CT - Scan၊ MRI စက်တွေကို အသုံးပြုပြီးတော့ တိကျလျင်မြန်စွာ ရောဂါကို ရှာဖွေနိုင်ပါတယ်။ နောက်တစ်ခုကတော့ ကင်ဆာရောဂါ ကုသတဲ့နေရာမှာ Radiotherapy နည်းလမ်းကို အသုံးပြုပြီးတော့ ကုသလျက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ ရှိတဲ့ ဆေးရုံပေါင်း (၁၀၀၀၀)ကျော်မှာ Radio Isotope တွေ အသုံးပြုလျက် ရှိကြောင်း တွေ့ရှိရပါတယ်။

အသုံးပြုတဲ့ Radio Isotope တွေရဲ့ (၄၀)ရာခိုင်နှုန်းကိုတော့ ရောဂါရှာဖွေတဲ့ နေရာမှာ အသုံးပြုပါတယ်။ တချို့ဆေးရုံတွေမှာ ဆေးရုံသုံးပစ္စည်းတွေကို ပိုးသတ်တဲ့နေရာမှာ Gamma ရောင်ခြည်ကို အသုံးပြု လျက်ရှိပါတယ်။

ဆက်လက်ပြီး လုံခြုံရေးနဲ့ အကြမ်းဖက်မှုအန္တရာယ် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ မှာလည်း အသုံးပြုလျက်ရှိကြောင်း တင်ပြသွားလိုပါတယ်။ လေဆိပ်တွေ၊ နယ်စပ်ကုန်သွယ်ရေး စခန်းတွေနဲ့ လုံခြုံရေးအရ အထူးဂရုပြုစစ်ဆေးဖို့ လိုအပ်တဲ့နေရာမှာ X-Ray နဲ့ Gamma Ray ကို အသုံးပြုပြီးတော့ ပုံရိပ်ဖော်တဲ့ နည်းပညာအသုံးပြုတဲ့ စက်တွေကို အသုံးပြုလျက် ရှိပါတယ်။ ဒီစက်တွေကို အသုံးပြုခြင်း အားဖြင့် လက်နက်ခဲယမ်းတွေ၊ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေ၊ တားမြစ်ထားတဲ့ပစ္စည်းတွေ သယ်ဆောင်လာခြင်း ရှိ/မရှိ ကို အလွယ်တကူ စစ်ဆေးနိုင်ပါတယ်ခင်ဗျား။

တခြားသုံးစွဲတဲ့ နည်းလမ်းတစ်ခုကတော့ သက်တမ်းခန့်မှန်းတဲ့နေရာမှာ အသုံးပြုခြင်း ဖြစ်ပါတယ်။ မိမိတို့ သိရှိလိုတဲ့ နမူနာပစ္စည်းတစ်ခုရဲ့ သက်တမ်းကို တိုင်းတာတဲ့နေရာမှာ Radio Carbon Dating Method ကို အသုံးပြုပြီးတော့ ခန့်မှန်းနိုင်ပါတယ်။ အသုံးပြုတဲ့ Isotope တွေကတော့ (Carbon 14)၊ Calorine 36 နဲ့ Tritium အစရှိတဲ့ Isotope တွေကို အသုံးပြုပြီးတော့ တိုင်းတာနိုင်ပါတယ်။ ဒီလို သက်တမ်းခန့်မှန်းတဲ့ပညာကို ရှေးဟောင်းသုတေသန ပညာရှင်တွေက တူးဖော်ရရှိလာတဲ့ ရှေးဟောင်း ပစ္စည်းတစ်ခုရဲ့ သက်တမ်းကို ခန့်မှန်းတဲ့နေရာမှာ သုံးစွဲသလို မနုဿဗေဒပညာရှင်တွေကလည်း Primate ရဲ့ သက်တမ်းကို ခန့်မှန်းတဲ့နေရာမှာ အသုံးပြုလျက်ရှိပါတယ်။ အလားတူပဲ ဘူမိဗေဒပညာရှင် တွေကလည်း ကျောက်လွှာတွေရဲ့ သက်တမ်းကို ခန့်မှန်း တဲ့နေရာမှာ အသုံးပြုလျက်ရှိပါတယ်။

အခြားသော အသုံးပြုမှုများကတော့ ဘိလပ်မြေထုတ်လုပ်တဲ့နေရာမှာ ထွက်ရှိလာတဲ့ ဘိလပ်မြေတွေရဲ့ အရည်အသွေး မှန်/မမှန် စစ်ဆေးခြင်း၊ စက္ကူ အထည်အလိပ်တွေ ထုတ်လုပ်တဲ့ နေရာမှာ အထူအပါးညီစေရန် စစ်ဆေးခြင်း၊ စီးကရက်တွေ ထုပ်လုပ်တဲ့နေရာမှာ အတို၊ အရှည်နဲ့ အလေးချိန် တစ်ညီတည်း ဖြစ်စေရန် စစ်ဆေးခြင်း၊ စိုက်ပျိုးရေးမှာ မြေဆီလွှာအရည်အသွေး စမ်းသပ် ခြင်း၊ ရေပါဝင်မှု စစ်ဆေးခြင်း၊ ရေချိုရှားပါးတဲ့ ဒေသတွေမှာ ပင်လယ်ရေကို သောက်သုံးရေအဖြစ် ပြောင်းလဲတဲ့နေရာမှာ အသုံးချခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအဆက်များ ခိုင်မြဲမှု ရှိ/မရှိ စစ်ဆေးတဲ့အခါမှာ အသုံးချခြင်း၊ ရေနံရှာဖွေခြင်း၊ ရေဆိုးများကို ပြန်လည်သန့်စင်ခြင်း၊ အာကာသ စူးစမ်းလေ့လာရေးယာဉ်တွေမှာ အသုံးပြုခြင်း အစရှိတဲ့ နယ်ပယ်အသီးသီးမှာ အသုံးပြုလျက်ရှိပါ တယ်။

ဆက်လက်ပြီး အနုမြူဓာတ်ပေါင်းဖိုများအကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ က ထုတ်ပြန်တဲ့ အစီရင်ခံ စာအရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း(၃၀)နိုင်ငံမှာ တည်ဆောက်သုံးစွဲနေတဲ့ ဓာတ်ပေါင်းဖို (၄၃၅)ခုရှိ ကြောင်း သိရှိရပါတယ်။ ဓာတ်ပေါင်းဖိုတွေရဲ့ ရည်ရွယ်ချက်ပေါ် မူတည်ပြီးတော့ (၃)မျိုးခွဲခြားနိုင်ပါတယ်။ တစ်မျိုး ကတော့ စွမ်းအင်ထုတ်လုပ်ဖို့ ဖြစ်ပါတယ်။ ဒုတိယအမျိုးအစားကတော့ စက်မှုလုပ်ငန်းနဲ့ ဆေးပညာ နယ်ပယ်တွေမှာ အသုံးချဖို့အတွက် Radio Isotope တွေ ထုတ်လုပ်ဖို့ ဖြစ်ပါတယ်။ တတိယအမျိုးအစား ကတော့ ကာကွယ်ရေးလုပ်ငန်းများမှာ အသုံးပြုဖို့ ဖြစ်ပါတယ်။ ယခုအခါ ဓာတ်ပေါင်းဖို မျိုးဆက်များ (၄)ဆက်ရှိပြီ ဖြစ်ကြောင်း သိရှိရပါတယ်။ ပထမမျိုးဆက်ကတော့ စမ်းသပ်တည်ဆောက်ခဲ့တဲ့ သုတေသန ဓာတ်ပေါင်းဖို အမျိုးအစားများ ဖြစ်ပါတယ်။ ဒုတိယမျိုးဆက်ကတော့ ၁၉၆၅ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်

အတွင်း တည်ဆောက်ခဲ့တဲ့ ဓာတ်ပေါင်းဖို အမျိုးအစားများ ဖြစ်ပါတယ်။ တတိယမျိုးဆက်ကတော့ ၁၉၉၆ ခုနှစ်ကနေ ယနေ့အထိ တည်ဆောက်ထားတဲ့ ဓာတ်ပေါင်းဖိုများ ဖြစ်ပါတယ်။ စတုတ္ထမျိုးဆက် ဓာတ်ပေါင်းဖိုများကတော့ နည်းပညာဖွံ့ဖြိုးဖို့အတွက် သုတေသန လုပ်ငန်းတွေကို ဆောင်ရွက်နေဆဲ ဖြစ်ပြီးတော့ ၂၀၃၀ လောက်မှာမှ စတင်အသုံးပြုနိုင်မှာဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။

ဆက်လက်ပြီး အနုမြူမတော်တဆဖြစ်စဉ်များ အကြောင်းကို အနည်းငယ်တင်ပြသွားလိုပါတယ်။ ၁၉၅၄ ခုနှစ်ကနေပြီးတော့ ဒီနေ့အထိ အနုမြူဓာတ်ပေါင်းဖို မတော်တဆဖြစ်စဉ် စုစုပေါင်း အကြိမ်ရေ (၆၀)ကျော် ဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။ ထင်ရှားတဲ့ ဖြစ်စဉ်တချို့ကို တင်ပြရမယ်ဆိုလို့ရှိရင် Chernobyl ဓာတ်ပေါင်းဖို မတော်တဆဖြစ်စဉ်ဟာ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ ယခင် ဆိုဗီယက်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့ပါတယ်။ လူဦးရေ(၃၁)ဦး သေဆုံးပြီးတော့ ထောင်ပေါင်းများစွာသော ပြည်သူတွေဟာ ဓာတ်ရောင်ခြည် သင့်ခဲ့ရပါတယ်။ ဒေသခံပြည်သူ (၁၁၆၀၀၀)ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရပြီးတော့ Radioactive Waste တွေကို သန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ရူဘယ်လ် (၁၈)ဘီလီယံခန့် ကုန်ကျခဲ့ကြောင်း သိရှိရပါတယ်။ ဒုတိယထင်ရှားတဲ့ ဖြစ်စဉ်တစ်ခုကတော့ အမေရိကန် ပြည်ထောင်စု၊ ပန်ဆယ်လ်ဗေးနီးယားပြည်နယ်မှာရှိတဲ့ (၃)မိုင်ကျွန်း မတော်တဆဖြစ်စဉ် ဖြစ်ပါတယ်။ ၁၉၇၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ ဖြစ်ပွားခဲ့တာ ဖြစ်ပြီးတော့ သန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ၁၉၉၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ရပါတယ်။ ကုန်ကျစရိတ်ကတော့ အမေရိကန်ဒေါ်လာ (၁)ဘီလီယံခန့် ကုန်ကျခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။ တတိယ ထင်ရှားတဲ့ ဖြစ်စဉ်တစ်ခုကတော့ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ ဂျပန်နိုင်ငံက Fukushima Daiichi ဓာတ်ပေါင်းဖို မတော်တဆဖြစ်စဉ် ဖြစ်ပါတယ်။ ဒီ ဖြစ်စဉ်မှာ ဒေသခံပြည်သူ (၁၆၀၀၀၀)ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရပြီးတော့ သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ဖို့အတွက် နှစ်ပေါင်း (၄၀)လောက်ကြာမြင့်မှာ ဖြစ်ပြီးတော့၊ အမေရိကန်ဒေါ်လာ ဘီလီယံ ပေါင်းများစွာ ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်ခင်ဗျား။

ဒီလို မတော်တဆဖြစ်စဉ်တွေကြောင့် ပြည်သူလူထုအတွင်းမှာ စိုးရိမ်ပူပန်မှုတွေ မြင့်တက်လာပြီးတော့ နျူးကလီးယားဓာတ်ပေါင်းဖို တည်ဆောက်မှုတွေကို ဆန့်ကျင်ကန့်ကွက်မှုတွေ ရှိလာပါတယ်။ ဒီ နျူးကလီးယားဓာတ်ပေါင်းဖိုရဲ့ ဘေးထွက်ဆိုးကျိုးတွေကို စိုးရိမ်ပူပန်တဲ့အတွက်ကြောင့်မို့လို့ ဓာတ်ပေါင်းဖိုအချို့ကို တည်ဆောက်ပြီးမှ ပိတ်သိမ်းလိုက်ရခြင်း၊ တည်ဆောက်ဆဲ စီမံကိန်းတွေကို ရပ်ဆိုင်းလိုက်ရခြင်း၊ တည်ဆောက်မယ့် အစီအစဉ်တွေကို ဖျက်သိမ်းလိုက်ရခြင်းများလည်း ရှိခဲ့ပါတယ်ခင်ဗျား။

ဆက်လက်ပြီး အနုမြူစွမ်းအင်နဲ့ အခြားစွမ်းအင်တွေဟာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုဆိုင်ရာ နှိုင်းယှဉ်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အားသာချက်များကို ရှေးဦးစွာ တင်ပြသွားပါမယ်။ ဓာတ်ပေါင်းဖိုတွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု အလွန်နည်းပါးပါတယ်ခင်ဗျား။ လောင်စာအတွက် ကုန်ကျစရိတ်က အလွန်နည်းပါးပါတယ်။ လောင်စာတစ်ခါ ဖြည့်ထားလို့ရှိရင် နှစ်နဲ့ချီပြီးတော့ အသုံးပြုနိုင်ပါတယ်။ လောင်စာအနည်းငယ်ကို အသုံးပြုပြီးတော့ ထွက်ရှိလာတဲ့ စွမ်းအင်ပမာဏကတော့ အင်မတန်ကြီးမားပါတယ်ခင်ဗျား။ အခြားသော စွမ်းအင်ထုတ်လုပ်ရေး နည်းစနစ် တွေကတော့ စွမ်းအင်ပမာဏကြီးမားစွာ ထုတ်လုပ်ဖို့အတွက် ကန့်သတ်ချက်တွေ အများကြီး ရှိပါတယ်။ ဥပမာအားဖြင့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည် စတဲ့ နည်းလမ်းတွေ ကနေပြီးတော့

လျှပ်စစ်ဓာတ်အားထုတ်လုပ်မယ်ဆိုလို့ရှိရင် မြေဧရိယာဧကပေါင်း သောင်းနဲ့ချီပြီးတော့ လိုအပ်မှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဓာတ်ပေါင်းဖိုတစ်ခုရဲ့ မြေဧရိယာလိုအပ်ချက်ကတော့ ဧကထောင်ဂဏန်း အောက်သာ ရှိပါတယ်ခင်ဗျား။ ထွက်ရှိလာတဲ့ အနုမြူစွန့်ပစ်ပစ္စည်းတွေရဲ့ အန္တရာယ် ကိုလည်း Nuclear Waste Reprocessing နည်းလမ်းကို အသုံးပြုပြီးတော့ လျှော့ချနိုင်ပါတယ်။ သူ့ရဲ့ အားနည်းချက် တွေကတော့ အနုမြူဓာတ်ပေါင်းဖို မတော်တဆမှုဖြစ်လို့ရှိရင် ရေဒီယိုသတ္တိကြွ ရောင်ခြည်တွေကြောင့် ပြည်သူတွေ အသက်သေဆုံးရခြင်း၊ ချက်ခြင်းမသေသော်လည်းပဲ ကင်ဆာ ရောဂါဖြစ်ပြီးတော့ နောင် နှစ်ပေါင်းများစွာမှ သေဆုံးရခြင်း၊ မွေးလာတဲ့ ကလေးတွေရဲ့ ခန္ဓာကိုယ် သို့မဟုတ် ဦးနှောက်ထိခိုက်ခြင်း အစရှိတဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်ပါတယ်ခင်ဗျား။ ဒီ အနုမြူဓာတ်ပေါင်းဖိုမှာရှိတဲ့ ရေဒီယိုသတ္တိကြွ လောင်စာကို အသုံးပြုပြီးတော့ အနုမြူဗုံး တည်ဆောက်လို့ မရနိုင်ပေမယ့်လည်း လူတွေ ကင်ဆာရောဂါ ရစေနိုင်တဲ့ အဆိပ်လက်နက်တွေ တည်ဆောက်နိုင်ပါတယ်။ နောက်တစ်ခါ လေဒီယိုသတ္တိကြွ စွန့်ပစ် ပစ္စည်းတွေဟာ နှစ်အနည်းငယ်ကနေပြီးတော့ နှစ်ပေါင်းထောင်နဲ့ချီပြီးတော့ သတ္တိကြွနေနိုင်ပါတယ်။

ဒါကြောင့်မို့လို့ Radioactive Waste တွေကို စွန့်ပစ်တဲ့နေရာမှာ လုံခြုံတဲ့နေရာမှာ သိမ်းဆည်း ထားဖို့ လိုအပ်ပါတယ်။ နောက် အနုမြူဓာတ်ပေါင်းဖိုကို အကြမ်းဖက်သမားများအန္တရာယ် ကာကွယ်ဖို့ အတွက် လုံခြုံရေးအထူးဂရုပြု စောင့်ကြပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက် ဖို့အတွက် ကုန်ကျစရိတ်ကြီးမားပြီး၊ ကုမ္ပဏီတွေအနေနဲ့ ကိုယ်ပိုင်ငွေကြေးအင်အားနဲ့ ဓာတ်ပေါင်းဖို တစ်ခုတည်ဆောက်နိုင်စွမ်း မရှိပါဘူး။ သက်ဆိုင်ရာ အစိုးရများကလည်း ထောက်ပံ့ကြေးများ ရယူပြီးမှ တည်ဆောက်နိုင်တဲ့အတွက် အစိုးရမှာလည်း ငွေကြေး ဝန်ထုပ်ဝန်ပိုး ပိနေနိုင် ပါတယ်။

ယခု သုံးစွဲနေတဲ့ သဘာဝရုပ်ကြွင်းလောင်စာတွေဟာ နောင်လာမယ့် နှစ်ပေါင်း(၅၀)လောက် မှာ ကုန်ဆုံးသွားနိုင်တယ်လို့ ပညာရှင်အချို့က ခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ လောလောဆယ် စွမ်းအင်လိုအပ်ချက်ကို ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေး ကနေပြီးတော့ အဓိကထား ပြီးတော့ ထုတ်ယူသုံးစွဲလျက် ရှိပါတယ်။ နောင်တစ်ချိန်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကြိုတင်စဉ်းစားထားဖို့ လိုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း အာဆီယံနိုင်ငံအချို့ဟာလည်း ဒီ နျူးကလီးယားနည်းပညာကို အသုံးပြုပြီးတော့ စွမ်းအင်ထုတ်ယူနိုင်ရေး အတွက် လေ့လာကြိုးပမ်းလျက်ရှိကြောင်းလည်း သိရှိရ ပါတယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် ဘယ်နည်းပညာမဆို အားသာချက်၊ အားနည်းချက်တွေ ရှိစမြဲဖြစ်ပါတယ်ခင်ဗျား။ အသုံးချတဲ့ နယ်ပယ်နဲ့ နည်းလမ်းအပေါ်မူတည်ပြီးတော့ ကောင်းကျိုး၊ ဆိုးကျိုးတွေ ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံမှာ နျူးကလီးယား ပညာရပ်နဲ့ ပတ်သက်ပြီးတော့ ကောင်းမွန်စွာ သင်ကြားလေ့ကျင့်ထားပြီးတော့ နိုင်ငံတကာ အတွေ့ အကြုံရှိတဲ့ ပညာရှင်တွေ ရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။ ဒီ ပညာရှင်တွေဟာ သုတေသန လုပ်ငန်းတွေမှာ လိုအပ်တဲ့ Radio Isotope တွေကို ပြည်ပကနေတင်သွင်းပြီးတော့ သုတေသန လုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ပညာရှင်တွေ အနေနဲ့ နိုင်ငံတကာ အဆင့်မီ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုရရှိဖို့ကလည်း အထူးအရေးကြီးပါတယ်။

ဒါကြောင့် အဆိုရှင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ နျူးကလီးယားပညာရပ်အား ယခုထက်ပို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုဟာ နိုင်ငံတော်အတွက် အလေးထားဆောင်ရွက်ရန် လိုအပ်တဲ့ အတွက် ထောက်ခံပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမြင့်စိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဗိုလ်မှူးမြင့်စိန် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်(ရေ) ၃၆၃၆ ဗိုလ်မှူးမြင့်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် ရေးမှာ နျူးကလီးယားစွမ်းအင်ကို အသုံးပြုပြီး မြို့ပြကဏ္ဍမှာ အသုံးပြုမှုများကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နျူးကလီးယားစွမ်းအင် ရယူတဲ့နေရာမှာ လေ့လာမိတဲ့အပိုင်းအနေနဲ့ ပြိုကွဲမှု ဖြစ်စဉ်နဲ့ ပေါင်းစည်းမှု ဖြစ်စဉ်ဆိုပြီးတော့ (၂)မျိုးတွေ့ရပါတယ်။ ယခု ကျွန်တော် တင်ပြသွားမှာကတော့ ပြိုကွဲမှု ဖြစ်စဉ်အရ ရရှိလာတဲ့ စွမ်းအင်ကို အသုံးချမှုများကို တင်ပြသွားပါမယ်။ ပြိုကွဲမှုဖြစ်စဉ်အရ ရရှိလာတဲ့ စွမ်းအင်ကို အင်ဂျင်စက်တွေမောင်းနှင်ဖို့အတွက် တွန်းကန်အားသုံးခြင်း၊ အပူထုတ်ယူသုံးခြင်း၊ လျှပ်စစ်ထုတ်ယူခြင်း၊ အစားအစာထုပ်ပိုးခြင်း၊ တိုင်းတာခြင်းစနစ်များနဲ့ ကျယ်ပြန့်စွာအသုံးပြုနေကြောင်း တွေ့ရပါတယ်။ ယခုလက်ရှိအချိန်မှာ ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုရဲ့ (၁၅.၇)ရာခိုင်နှုန်းကို နျူးကလီးယားစွမ်းအင်ကနေ အသုံးပြုနေကြောင်း တွေ့ရပါတယ်။ ဒ့ါအပြင် လေယာဉ်တင်သင်္ဘော၊ ရေငုပ်သင်္ဘောနဲ့ ရေငုတ်သင်္ဘောများ မောင်းနှင်ရာမှာလည်း အသုံးပြုနေပါတယ်။

စက်မှုလုပ်ငန်းများမှာ အသုံးပြုမှုကို ကျွန်တော် ဆက်လက်တင်ပြပါမယ်။ Radiation ပြန့်ထွက်မှုဟာ ဖောက်ထွင်းနိုင်တဲ့ စွမ်းအားရှိတဲ့အတွက် (Solid Product) များ စစ်ဆေးခြင်း၊ တိုင်းတာခြင်းနဲ့ ကွန်တိန်နာများအတွင်းမှာရှိတဲ့ ပစ္စည်းများကို စစ်ဆေးခြင်းနဲ့ ထုတ်လုပ်ပစ္စည်းများရဲ့ ကွဲအက်မှုများကို စစ်ဆေးနိုင်ပါတယ်။ တိုင်းတာမှုစနစ်အနေနဲ့ ပြင်ညီတိုင်းတာမှုကို တင်ပြရရင် ပြင်ညီ Radiation ထုတ်လုပ်မှုများကို အသုံးချပြီးတော့ ကွန်တိန်နာများအတွင်းမှာရှိတဲ့ ပစ္စည်းများ ပြည့်စုံမှု၊ ချို့ယွင်းမှု၊ လျော့နည်းမှုများကို စစ်ဆေးနိုင်ပါတယ်။ Beta နဲ့ Gamma ရောင်ခြည်များကို အသုံးချ တိုင်းတာခြင်း ဖြစ်ပါတယ်။ တိုင်းတာခံရတဲ့ပစ္စည်းရဲ့ အထုနဲ့ သိပ်သည်းဆတို့အပေါ် မူတည်ပြီးတော့ စစ်ဆေးမှုပြုလုပ်နိုင်ပါတယ်။ အထူတိုင်းတာမှုနဲ့ ပတ်သက်ပြီး တိုင်းတာမယ့်ပစ္စည်းရဲ့ အထူပေါ် မူတည်ပြီး Radiation ထုတ်လွှတ်ပြီးတော့ စိစစ်တိုင်းတာခြင်းဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ထုတ်လုပ်ရတဲ့ စက္ကူလုပ်ငန်း၊ ရာဘာလုပ်ငန်းများအတွက် အသုံးပြုနိုင်ပါတယ်။ သိပ်သည်းဆကိန်းသေ ဖြစ်မှုအပေါ် မူတည်ပြီး တိုင်းတာတဲ့စနစ် ဖြစ်ပါတယ်။

ဆက်လက်ပြီး တည်ငြိမ်လျှပ်စစ်ထိန်းချုပ်မှုနဲ့ ဆက်စပ်အသုံးပြုမှုကို တင်ပြသွားပါမယ်။ ချည်မျှင်နဲ့အထည်၊ ပလပ်စတစ်နဲ့စက္ကူထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာ ထွက်ပေါ်လာတဲ့ တည်ငြိမ်လျှပ်စစ် များကို ထိန်းချုပ်ရာမှာ အသုံးပြုပါတယ်။ တစ်နည်းအားဖြင့် တည်ငြိမ်လျှပ်စစ် တည်ရှိမနေစေရန်

ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ထုတ်လုပ်ပစ္စည်းများပေါ်မှာ ဖြစ်ပေါ်လာတဲ့ လျှပ်စစ်ကို လေထဲသို့ ဖယ်ရှား ပေးနိုင်ရန် နောက်ဆုံးလုပ်ငန်းစဉ်မှာ ထားရှိအသုံးပြုတာ တွေ့ရပါတယ်။ လမ်းခင်းရာမှာလည်း နျူးကလီးယား အငွေ့ကို သိပ်သည်းစွာထည့်ထားတဲ့ တိုင်းတာရေး (Gauge) များသုံးပြီး ဘိလပ်မြေများနဲ့ တည်ဆောက် ထားတဲ့ မြေဆီလွှာများ၊ အဆောက်အဦများ၊ ကတ္တရာလမ်းများရဲ့ သိပ်သည်းဆကို တိုင်းတာတဲ့နေရာ မှာလည်း အသုံးပြုကြောင်း တွေ့ရပါတယ်။

ဆက်လက်ပြီး မီးခိုးများ အာရုံခံစနစ်အနေနဲ့ သုံးတဲ့ဟာကို တင်ပြပါ့မယ်။ Alpha Radiation ကို အခြေခံရယူသုံးစွဲတဲ့ စနစ်ဖြစ်ပါတယ်။ ရေဒီယိုသတ္တိကြွမှုကို အသုံးပြုတိုင်းတာပြီးတော့ မီးခိုးငွေ့တွေ တက်လာတဲ့အခါမှာ တိုင်းတာခြင်း၊ အာရုံခံတဲ့နေရာကို ရောက်တဲ့အခါမှာ ပုံသေလျှပ်စီးမှုစနစ်ကို လျှော့ချ ခြင်းဖြင့် Alarm ကို မြည်စေပါတယ်။ ယနေ့ ကျွန်တော်တို့ အသုံးပြုနေတဲ့ လူများနဲ့ ရင်းနှီးနေတဲ့ ရုံးများ၊ အဆောက်အဦများနဲ့ လေဆိပ်ခန်းမများမှာ Smoke Detector ဆိုတဲ့ နျူးကလီးယားနည်းပညာကို အခြေခံထားတဲ့ မီးဘေးကာကွယ်ရေးပစ္စည်းများကို တပ်ဆင်အသုံးပြုတာကို အားလုံးတွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဆက်လက်ပြီးတော့ သတိပြုဆင်ခြင်ရမယ့် အပိုင်းများကို ဆက်လက်တင်ပြ ဆွေးနွေးသွားပါ့မယ်။ နျူးကလီးယား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ရာမှာ သုတေသနပြုလုပ်သူများ၊ ပညာရှင်များ လိုအပ်ပါတယ်။ ၎င်းတို့ရဲ့ Personal Radiation Security ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါတယ်။ နျူးကလီးယားဖွံ့ဖြိုးရေး ဆောင်ရွက်ရာမှာ ၎င်းကိစ္စများကို ၎င်းတို့ကိုယ်တိုင် သိရှိနားလည်နိုင်မည်ဖြစ်၍ သီးခြားဆွေးနွေးရန် မလိုသော်လည်း သုတေသနပြုလုပ်ရာမှ ထွက်ရှိလာတဲ့ နျူးကလီးယား စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ် ထိန်းသိမ်းရန် လိုအပ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ နျူးကလီးယား အရင်းအမြစ်များဟာ ၎င်းတို့ရဲ့ သက်တမ်းဝက် (Half Life) အဖြစ် Radiation Source အပေါ်မူတည်ပြီးတော့ အမျိုးမျိုး ခြားနားနေ သော်လည်း အချို့သော ရင်းမြစ်များဟာ နှစ်ပေါင်းရာချီပြီးတော့ Nuclear Radiation များ ထုတ်လွှတ် နေပါတယ်။ ဥပမာအနေနဲ့ Uranium - 235 ဟာဆိုရင် $4.6 \times 10^{9}$ Years ခန့်ကြာပါတယ်။ သို့ဖြစ်ပါ၍ ထိုကဲ့သို့ သက်တမ်းလွန်မြင့်မားတဲ့ Radiation Source များကို စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပါတယ်။ စွန့်ပစ်ပစ္စည်းဆိုရာမှာလည်း ၎င်းစွန့်ပစ်ပစ္စည်းဟာ လူတို့ရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်း ကျင်ကို ထိခိုက်ပျက်စီးစေတဲ့ နျူးကလီးယား ဓာတ်ရောင်ခြည်များဖြစ်တဲ့ Alpha, Gamma, Beta, Nutron စတဲ့ ရောင်ခြည်များ တစ်စုတည်းအားဖြင့်သော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း အမျိုးမျိုး ထွက်နိုင်ပါတယ်။ စွန့်ပစ်ပစ္စည်းများဟာ မည်သည့်ရောင်ခြည်အမျိုးအစား ထွက်နေသည်ကို စမ်းသပ် တိုင်းတာ သုတေသနပြုလုပ်၍ မှတ်ပုံတင်ခြင်း၊ တိုင်းတာခြင်း၊ ထိန်းသိမ်း ခြင်းနဲ့ ကာကွယ်ခြင်းများကို ပြုလုပ်ရန် လိုအပ်ပါတယ်။ Nuclear Waste Managements အတွက် စိစစ်တိုင်းတာ အကဲဖြတ်တဲ့ အဖွဲ့အစည်းများ ဖွဲ့စည်းထားရန် လိုအပ်ပါတယ်။ ၎င်းအဖွဲ့အစည်းများဟာ Nuclear Waste Managements အတွက်သာမက Nuclear Security For Population တာဝန်ကိုပါ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် နျူးကလီးယား အကြမ်းဖက် အဖွဲ့များဟာ Nuclear Sources များကို အသုံးပြုပြီးတော့ လူတွေကို တိုက်ခိုက်လာနိုင်တဲ့ အခြေအနေတွေကို ဆိုလိုခြင်း ဖြစ်ပါတယ်။ သုတေသနဆောင်ရွက်သူများမှ အသုံးပြုပြီး ထွက်လာတဲ့ Nuclear Waste တွေကိုလည်း

စိစစ်အကဲဖြတ်ပြီးတော့ ထွက်ရှိနေတဲ့ နျူးကလီးယား စာတ်ရောင်ခြည်အမျိုးအစားအလိုက် ကာကွယ် ထိန်းသိမ်းရန် နည်းလမ်းများကို ၎င်းတို့အဖွဲ့မှ ဆုံးဖြတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ နျူးကလီးယား အရင်းအမြစ်များကို အသုံးပြုနေတဲ့ဌာနများ၊ ကျန်းမာရေးကဏ္ဍများ၊ စက်ရုံအလုပ်ရုံများ၊ သုတေသနဌာနချုပ်များမှာ ၎င်းတို့က စွန့်ပစ်တဲ့ ပစ္စည်းများကို စနစ်တကျ ကာကွယ် ထိန်းသိမ်းရန် အလွန်အရေးကြီးပါတယ်။ ၎င်းတို့ အသုံးပြုမှုကို စနစ်တကျ စစ်ဆေးကြပ်မတ်ရန်လည်း လိုပါတယ်။ နောင်အနာဂတ် ကာလများမှာ သဘာဝအရင်းအမြစ် အခြေအနေအရ လည်းကောင်း၊ စွမ်းအင်လိုအပ်ချက်အရလည်းကောင်း မြန်မာနိုင်ငံအနေနဲ့ နျူးကလီးယားစွမ်းအင်ကို မဖြစ်မနေသုံးစွဲရန် လိုအပ်လာနိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ လူသားအရင်းအမြစ်၊ နည်းပညာ အရင်းအမြစ်များ အဆင်သင့်ရှိနေဖို့အတွက် နျူးကလီးယား နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်လာ ပါတယ်။ ဒီအခြေအနေမျိုးမှာ IAEA ကချမှတ်ထားတဲ့ စည်းမျဉ်းများ၊ ပူးပေါင်း ဆောင်ရွက်မယ့် နိုင်ငံများနဲ့ စနစ်တကျဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ထွက်ရှိလာတဲ့ စွန့်ပစ် ပစ္စည်းများဟာ မကောင်းမှု ပြုလုပ် လိုသူတွေရဲ့ လက်ဝယ်ကို ရောက်ရှိသွားရင် နိုင်ငံတော်ရဲ့ အမျိုးသားလုံခြုံရေးကို ထိခိုက်လာနိုင် ပါတယ်။

သို့ဖြစ်ပါ၍ Nuclear Materials များ လက်ဝယ်ထားရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းသယ်ယူခြင်းများနဲ့ ပတ်သက်၍ တိတိကျကျ စစ်ဆေးဆောင်ရွက်ရန် အရေးကြီးပါတယ်။ ဒါ့အပြင် စွန့်ပစ်ပစ္စည်းများအား ထိန်းသိမ်းရာမှာ လူတွေရဲ့ ကျန်းမာရေးကို မထိခိုက်နိုင်တဲ့နေရာ ဥပမာ အားဖြင့် လူများနှင့်ဝေးတဲ့နေရာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ ရောင်ခြည်များ ကိုလည်း Radiation Safety အဆင့်ရောက်အောင် ကာကွယ်ထားရန် လိုအပ်ပါတယ်။ ဥပမာအနေနဲ့ မြေကျင်းများတူးပြီး စွန့်ပစ်ပစ္စည်းများကို လိုအပ်တဲ့ခဲထုနဲ့ ကာရံခြင်းကို ဆိုလိုခြင်း ဖြစ်ပါတယ်။ စွန့်ပစ်ရန် ရွေးချယ်တဲ့ နေရာမှာလည်း သဘာဝဘေးအန္တရာယ် လွယ်လင့်တကူ မကျရောက်နိုင်သော နေရာမျိုး ဖြစ်ရန် လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်က တင်ပြခဲ့တဲ့ အကြောင်းအရာများနှင့် ပတ်သက်ပြီး မှတ်တမ်းဓာတ်ပုံများ ပြသခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဒါကတော့ နျူးကလီးယား စွမ်းအားထုတ်တဲ့ပုံ ဖြစ်ပါတယ်။ ဒါက ဓာတ်ပေါင်းဖို ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နျူးကလီးယား စွမ်းအင်သုံးထားတဲ့ Aircraft Carrier လေယာဉ်တင် သင်္ဘော ဖြစ်ပါတယ်။ ဒါကတော့ ရေခဲခွဲသင်္ဘော ဖြစ်ပါတယ်။ ဒါကတော့ Submarine ရေငုတ်သင်္ဘော ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မျိုးရိုးဗီဇတွေကို တချို့ဆိုရင် တခြားနိုင်ငံမှာ ကိုယ့်ဗီဇကို ဆက်မပွားချင်တဲ့အတွက် အမမျိုးရိုးတွေကို သတ်ပစ်တဲ့ ဆေးတွေကို ဖျန်းပါတယ်။ ဒါကတော့ Container Box သို့မဟုတ် တစ်ခုချင်း လိုက်ရေဖို့ ခက်ခဲတဲ့နေရာတွေမှာ သုံးခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အထူတိုင်းတဲ့ စနစ်ကို ပြသထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ခုနက ကွန်ကရစ်နဲ့ ပတ်သက်ပြီးတော့ တိုင်းတာတဲ့စနစ်ကို သုံးတဲ့အခါမှာ ပြသခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လေဆိပ်တို့ ဘာတို့မှာ ပစ္စည်းဖြတ်တဲ့အခါမှာ Radiation သုံးပြီးတော့ သုံးထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခုနက Smoke Alarm ပါ။ ဒါကတော့ ကျွန်တော်တို့ စပြီးတော့ ဆောက်တယ်။ ပြီးရင်သုံးတယ်။ တည်ဆောက်တယ်။ ပြီးတဲ့အခါမှာ Waste ဖြစ်သွားတဲ့ ဖြစ်စဉ်ကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နိုင်ငံခြား ခုတိုင်းပြည်တွေမှာသုံးတဲ့ Waste ပြုလုပ်တာကို ကန်အနေနဲ့ သူတို့ သုံးထားတာကို တင်ပြထားခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နျူးကလီးယားစွမ်းအင်ကို လူသားများအတွက် အကျိုးရှိစွာ အသုံးပြုနိုင်သော်လည်း သတိပြုဆောင်ရွက်ရန် အချက်များလည်း ရှိပါတယ်။ ဒီအချက်များကို သိထားရန် အထူးအရေးကြီးပါတယ်။ ဒီလို မထိန်းသိမ်းနိုင်ရင် ကျွန်တော်တို့ လူသားများအတွက် စွန့်ပစ်ပစ္စည်းများဟာ အလွန်အန္တရာယ်များသော ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် နျူးကလီးယား သမိုင်းကြောင်းကို ပြန်ကြည့်ရင် မတော်တဆဖြစ်ခဲ့တဲ့ Chernobyl နျူးကလီးယား ဓာတ်အားပေးစက်ရုံ မတော်တဆ ဖြစ်ပွားမှုရယ်၊ Fukushima နျူးကလီးယားစက်ရုံ မတော်တဆဖြစ်ပွားမှုတွေဟာ ဒါထင်ရှားတဲ့ သာဓကတွေဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နျူးကလီးယားစွမ်းအင်ဟာ လူသားများအတွက် အကျိုးပြုသည် မှန်သော်လည်း သုံးစွဲရန်နှင့်၊ သုံးစွဲမှုနှင့် စွန့်ပစ်မှုတွင် စည်းကမ်းတကျ မပြုလုပ်တတ်ပါက အလွန်ပင် အန္တရာယ်များပါသဖြင့် သတိပြုရမှာ ဖြစ်ကြောင်း တင်ပြရင်း ကျွန်တော်ရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃:၄၀။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၄၀။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများ တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ နျူးကလီးယားပညာရပ်ယခုထက် ပိုမိုပြီး အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာအရပ်ရပ်မှာ လျှပ်စစ်စွမ်းအင်အတွက် နျူးကလီးယားဓာတ်ပေါင်းဖိုတွေကို တည်ဆောက်အသုံးပြုလျက်ရှိပါတယ်။ ဒီစက်ရုံကြီးတွေရဲ့ အဓိကလောင်စာကတော့ Uranium နဲ့ Plutonium ဖြစ်ပါတယ်။ ဒီ Uranium - 235 ရဲ့ သက်တမ်းတစ်ဝက်ဟာ နှစ်သန်းပေါင်း(၇၀၀) ရှိပြီးတော့ ကမ္ဘာမြေကြီးပေါ်က လုံးဝပျောက်ကွယ်သွားဖို့ ဆိုတာကတော့ နှစ်ပေါင်း(၇)ဘီလီယံလောက် ကြာမြင့်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယူရေနီယံလောင်စာဟာ သုံးစွဲသူအတွက် နှစ်ပေါင်းများစွာကြာအောင် သုံးရပြီးတော့ စီးပွားရေးအရ တွက်ခြေကိုက်တဲ့ လောင်စာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား (၁)ကီလိုဝပ်နာရီအတွက် ဓာတ်ငွေ့လောင်စာကို အသုံးပြုမယ်ဆိုရင် အမေရိကန်ဒေါ်လာ(၄)ဆင့်လောက် ကုန်ကျပါတယ်။ ရေအား၊ လေအား စတာတွေကိုသုံးရင် အမေရိကန်ဒေါ်လာဆင့်(၇)ဆင့်လောက် ကျသင့်ပြီးတော့ နျူးကလီးယားလောင်စာကတော့ အမေရိကန်ဒေါ်လာ ဆင့်(၃)ဆင့်လောက်ပဲကျတော့ ကျွန်တော်တို့က စရိတ်က အသက်သာဆုံး ဖြစ်နေပါတယ်။ ဒါကြောင့် သာမန်အားဖြင့်ကြည့်မယ်ဆိုရင် နျူးကလီးယားစွမ်းအင်ဟာ ကုန်ကျစရိတ်အနည်းဆုံး၊ သဘာဝပတ်ဝန်းကျင်အတွက် စိတ်အချရဆုံး၊ အသန့်ရှင်းဆုံးမို့လို့ သဘာဝပတ်ဝန်းကျင်မှာ အခြားလောင်စာဆီတွေ သုံးသလို မီးခိုးမထွက်ပါဘူး၊ ကာဗွန်မထွက်ပါဘူး လို့ ဆိုပါတယ်။

ဒါပေမဲ့ ဒီနျူးကလီးယားဓာတ်ပေါင်းဖိုတစ်ခု ဆောက်လုပ်ဖို့ ကုန်ကျစရိတ်၊ အမြဲမပြတ်ထိန်းသိမ်းရတဲ့ စောင့်ရှောက်ခစရိတ်၊ စက်ရုံတွေက လည်ပတ်နေသ၍ အမြဲထွက်နေတဲ့ ဒီနျူးကလီးယား

အညစ်အကြေးတွေကို စနစ်တကျ စီမံခန့်ခွဲပြီး စွန့်ပစ်ရတဲ့စရိတ်၊ နောင် တစ်နေ့ စက်ရုံကြီးတွေ သက်တမ်းကုန်လို့ ပိတ်သိမ်းတဲ့အခါမှာ စနစ်တကျလုပ်ဆောင်ကြဖို့ ကုန်ကျစရိတ်တွေကတော့ အလွန် များပြားကြောင်း သိရပါတယ်။ အလယ်အလတ်အဆင့် ချူးကလီယားစက်ရုံတစ်ရုံ တည်ဆောက်မယ် ဆိုရင် ကနဦးဆောက်လုပ်စရိတ် အမေရိကန်ဒေါ်လာ (၁.၅)ဘီလီယံလောက် ကုန်ကျမှာဖြစ်ပါတယ်။ ဒါလည်း နှစ်(၃၀)အထိပဲ Guarantee ပေးတာဖြစ်ပါတယ်။ နှစ်(၃၀)ကျော်မယ်ဆိုရင်တော့ ဒါ အန္တရာယ် ကင်းဖို့၊ လုံခြုံမှုတွေကို အာမမခံပါဘူး။ အဲဒီအခါမှာ စနစ်တကျ ဖျက်သိမ်းတော့မယ်ဆိုရင် ဆောက်လုပ် တာထက် ပိုမိုပြီးတော့ ဂရုစိုက်ရတော့မှာ ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံမှာ ချူးကလီးယားစက်ရုံတစ်ရုံ ပိတ်သိမ်းတဲ့အခါမှာ ခန့်မှန်းခြေ ဒေါ်လာ(၂.၄)ဘီလီယံလောက် ကုန်ကျခဲ့တဲ့ ဖြစ်စဉ်ရှိပါတယ်။ ရုရှား မှာလည်း စနစ်တကျပိတ်သိမ်းဖို့ အချိန်မတိုင်ခင်မှာပဲ ပေါက်ကွဲပျက်စီးခဲ့လို့ Chernobyl ချူးကလီးယား စက်ရုံနယ်မြေဟာ ယခုအထိ ခြောက်လှန့်နေတာ (၂၅)နှစ်ကြာမြင့် နေပေမယ့်လည်း ချူးကလီးယား တစ္ဆေကတော့ ခြောက်လှန့်နေဆဲ ဖြစ်ပါတယ်။

ချူးကလီးယားလောင်စာကနေ လျှပ်စစ်စွမ်းအင်ကို စျေးချိုချိုနဲ့ သုံးစွဲနေရတာကတော့ လူသားတွေအတွက် အလွန်အကျိုးများတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ သို့သော်လည်း ချူးကလီးယား စက်ရုံ တွေက စွန့်ပစ်ပစ္စည်း၊ အညစ်အကြေးက နှစ်စဉ် (၁၀)တန်လောက် ထွက်ပြီးတော့ ရေဒီယိုသတ္တိကြွ ရေဆိုးတွေက နေ့စဉ်ထွက်နေတာမျိုးတွေရှိပါတယ်။ အမေရိကန်ချူးကလီးယားပညာရှင်တွေရဲ့ အဆိုအရ ချူးကလီးယား ဒီအစအနတွေကို မြှုပ်ပစ်ဖို့အတွက် ပကတိမြေပြင်အနေအထား၊ ကနဦး လေ့လာမှု လုပ်ငန်းတွေကိုက ဒေါ်လာ(၇)ဘီလီယံလောက် ကုန်ကျပါတယ်။ ဒီ အညစ်အကြေးတွေကို မြှုပ်ဖို့ တည်ဆောက်စရိတ်က ဒေါ်လာ(၅၈)ဘီလီယံလောက် ကုန်ကျပါတယ်။ ဒါ အမေရိကန်နိုင်ငံ၊ ယူကာ တောင်ခြေမှာ မြှုပ်နှံစဉ်က ကုန်ကျခဲ့တဲ့စရိတ် ဖြစ်ပါတယ်။ ချူးကလီးယား အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်မှာ ဓာတ်ပေါင်းဖိုတွေ မှီလိုပေါက် တည်ဆောက်ထားတဲ့အတွက် မြှုပ်နှံရမယ့်နေရာတွေ ကလည်း များလို့မဖြစ်ပါဘူး။ ပြဿနာတွေ ရှိပါတယ်။ ဒီ ချူးကလီးယား ဓာတ်ပေါင်းဖို(၃၉)ခု ကနေ ပြီးတော့ အမှိုက်အမျိုးအစားပေါင်း (၁၃၁)မျိုးကို မြှုပ်နှံတဲ့နေရာရောက်ဖို့ ပို့ဆောင်ပေးနိုင်ဖို့အတွက် ရထားတွဲ၊ ကုန်တင်ထရပ်ကားကြီးငယ်ပေါင်း စီးရေ(၄၆၀၀)သုံးစွဲခဲ့ရပါတယ်။

အဲဒီမှာလည်း လုံခြုံရေးအစောင့်အရှောက်တွေနဲ့ပါ။ တစ်ခါတစ်ခါမှာ စစ်တပ်ပါ ကူရပါသေး တယ်။ ချူးကလီးယား စွန့်ပစ်ပစ္စည်း မြှုပ်နှံဖို့အတွက် နီကယ်သေတ္တာကြီးတွေ လုပ်ရပါတယ်။ နှစ်(၅၀၀) သက်တမ်း အာမခံနဲ့ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအဖို့ နောင်လာမယ့် နှစ်(၁၀၀)အတွင်းမှာ ချူးကလီးယား အညစ်အကြေးစွန့်ပစ်ဖို့အတွက် ဒေါ်လာ ဘီလီယံ (၁၀၀၀)လောက် ထပ်ပြီးတော့ ကုန်ကျ ဦးမယ်လို့ အစိုးရအဆက်ဆက်က တွက်ချက်ထားပါတယ်။ ဖော်ပြပါ ကုန်ကျစရိတ်တွေကို ပေါင်းပြီး တွက်ချက်ရင် ချူးကလီးယား လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုဟာ အခြားအရင်းအမြစ်နည်းလမ်းတွေကနေ လျှပ်စစ်ဓာတ်ထုတ်တာထက် ကုန်ကျစရိတ်က ဆယ်ဆ၊ ရာဆ ပိုသွားနိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါတောင် မတော်တဆ ရေဒီယိုသတ္တိကြွလှိုင်း ရိုက်ခတ်မှုဒဏ်ကိုထိလို့ သေဆုံးရတာတွေ၊ နာတာရှည် ဆေးဝါးကုသမှုစရိတ်တွေ၊ မမျှော်မှန်းနိုင်တာတွေလည်း ရှိပါတယ်။ သတိပြုဖို့အချက်ကတော့ အမြင် ကျယ်တဲ့ ချူးကလီးယားစွမ်းအားရှင် နိုင်ငံကြီးတွေက အမြင်မကျယ်သေးတဲ့ ကမ္ဘာ့နိုင်ငံငယ် လေးတွေ အပေါ်မှာ အခကြေးငွေ ပံ့ပိုးပေးပြီးတော့ ချူးကလီးယားအမှိုက်တွေ သွားပြီးစုပုံနေခြင်းပဲ ဖြစ်ပါတယ်။ ပေးတဲ့အခကြေးငွေက ပေးတယ်ဆိုရုံလေးပါ။ ဒါပေမဲ့ လက်ခံတဲ့ နိုင်ငံငယ်လေးတွေကတော့ ဆင်းရဲတော့

နည်းနည်းပေးတာတောင်မှ သူ့နိုင်ငံ သူ့အတိုင်းအတာနဲ့ များများရတယ်ထင်ပြီး ပျော်နေကြတာ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်သူတွေ ဒုက္ခမရောက်ဖို့အတွက် စဉ်းစားလုပ်ဆောင်သင့်တဲ့ ကိစ္စရပ်တော့ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ ၂၀၁၁ ခုနှစ်၊ မတ်လ က Fukushima နျူးကလီးယားစက်ရုံဟာ ယနေ့ထက်ထိ ပြဿနာတွေ ဖြေရှင်းနေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် နျူးကလီးယားဟာ ကမ္ဘာ့အင်အားကြီး ပိုင်ဆိုင်မယ် ဆိုရင် ကမ္ဘာ့အင်အားကြီးနိုင်ငံ နေ့ချင်းညချင်းရောက်သွားမယ်လို့ အစွဲရှိကြတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေဟာ ၎င်းတို့ကိုယ်တိုင် ဗုံးအကြီးကြီးတစ်လုံးကို ရွက်ထားရသလို တာဝန်ကြီးမားနေတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Safety, Security နဲ့ Safeguard ဆိုတဲ့ (S) (၃)လုံးကို လိုက်နာဖို့ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်အများအပြားလည်း ထည့်ပြီးဆွေးနွေးသွားတာကို ကြားလိုက် ရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်က ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ လျှပ်စစ်ဓာတ်ထုတ်လုပ်မှုမှာ အရင်းအမြစ်အမျိုးမျိုးကနေ ထုတ်လုပ်ပုံကို ဇယားနဲ့တကွ ဖြန့်ဝေထားတာတွေ့ရပါတယ်။ ရေအားလျှပ်စစ်က ဒေါ်လာ(၆.၁)ဆင့်၊ ကျောက်မီးသွေးက ဒေါ်လာ(၇.၈)ဆင့်၊ ကျောက်မီးသွေးနည်းပညာရပ်အဆင့်မြင့်တဲ့ဟာက ဒေါ်လာ(၉)ဆင့်၊ ဓာတ်ငွေ့ကနေပြီး (၁၀.၅)ဆင့်၊ နေစွမ်းအင်ကနေ(၂၅)ဆင့်၊ နေစွမ်းအင်ဘက်ထရီကနေ ဆင့်(၃၀) ဆိုပြီး ဖြစ်ပါတယ်။ ရေအားလျှပ်စစ်ကနေ ထုတ်ယူနည်းကတော့ ရေရှည်မှာ ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြစ်ပါတယ်။ ဒီကနေ့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေဟာ နျူးကလီးယားတည်ဆောက် ဖွဲ့စည်းပုံအနေအထားတွေကို ပြုပြင်ပြီးတော့ ကမ္ဘာကြီးရဲ့ နည်းပညာရပ်များ၊ စီးပွားရေးပုံစံများ ပြောင်းလဲတိုးတက်သွားစေမယ့် နာနိုနည်းပညာကိုလည်း ငွေကြေးအမြောက်အများစွာ အကုန်အကျခံပြီး သုတေသနပြုနေတာကို တွေ့ရပါတယ်။ နာနိုနည်းပညာဟာ စီးပွားရေးလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကို ပြောင်းလဲမှုကြီးမားစွာ ဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။ လူ့အသိုင်းအဝိုင်းအတွက် အလွန် လျင်မြန်စွာ သက်ရောက်လာမှာဖြစ်ပါတယ်။ ယခင်က သိပ္ပံဆိုင်ရာ တိုးတက်မှုထက် ပိုမိုပြီး မြန်ဆန် လာမှာဖြစ်ပါတယ်။ ယခင်က သီးခြားရပ်တည်ပြီး ဆက်စပ်မှုမရှိခဲ့တဲ့ သိပ္ပံပညာရပ်များဟာ ပေါင်းစပ် စုစည်းပေးသွားမှာ ဖြစ်ပါတယ်။ လူသားတွေအတွက် အသုံးဝင်အကျိုးရှိလှတဲ့ အရာဝတ္ထုပစ္စည်းများ၊ ကိရိယာများနဲ့ စနစ်များကို ဖန်တီးပေးထားတဲ့ သိပ္ပံနဲ့ ဝိဇ္ဇာပညာရပ်တို့ကို တစ်ပေါင်းတစ်စည်းထဲ ဖြစ်စေတဲ့ နာနိုနည်းပညာရပ်ဆီကိုလည်း ဦးတည်နေကြပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ နျူးကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ကို ၁၉၉၂ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ အရှေ့တောင်အာရှ နျူးကလီးယားလက်နက်ကင်းမဲ့ဇုန်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနှစ်မှာပဲ International Atomic Energy Agency - IAEA ရဲ့ Protocol စာချုပ်ကို ထပ်မံရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ယင်း Protocol ရဲ့ နောက်ဆက်တွဲ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ နျူးကလီးယားနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံဟာ ၁၉၉၅ ခုကစပြီး နျူးကလီးယား ကင်းစင်သုံးစွဲရေးကို စိတ်ပါဝင်စားကြောင်း ပြသခဲ့ပါတယ်။ ယင်းနေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အသုံးချသုတေသနသိပ္ပံလက်အောက်မှာ Atomic Energy Centre ကို တည်ထောင်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှာ မြန်မာနိုင်ငံဟာ IAEA အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်းလည်း သိရပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ Isotope များ အသုံးပြုရေးအတွက် IAEA နဲ့ ပူးပေါင်းပြီး စီမံကိန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနလက်အောက်မှာ အနုမြူစွမ်းအင်ဌာန (Department of Atomic

Energy) ကို ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ရွှေထုတ်လုပ်ရေးရဲ့ ဘေးထွက်ပစ္စည်းအဖြစ် အနုမြူစွမ်းအင်ရဲ့ ကုန်ကြမ်းဖြစ်တဲ့ ယူရေနီယံကို ထုတ်လုပ်နိုင်တဲ့ အနေအထားရှိကြောင်း သိရပါတယ်။

ယူရေနီယံကို မကွေး၊ တောင်တွင်းကြီးနဲ့ မိုးကုတ်ပတ်ဝန်းကျင်မှာ ထုတ်လုပ်နိုင်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်း IAEA နဲ့ ပူးပေါင်းပြီး စီမံကိန်းတွေကိုလည်းကောင်း၊ ရုရှားဖယ်ဒရေးရှင်းရဲ့ အကူအညီနဲ့ နျူးကလီးယားစွမ်းအင်ဆိုင်ရာ သင်တန်းတွေကိုသော်လည်းကောင်း ရယူခဲ့ကြောင်းလည်း သိရပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်စွမ်းအင်ဟာ ရေအားလျှပ်စစ်ကိုသာ အဓိက အားထားနေရပါတယ်။ ရာသီဥတုကန့်သတ်ချက်နဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးမှာ ကန့်သတ်ချက်တွေ ရှိပါတယ်။ ဒါကြောင့် ရာသီဥတုနဲ့ ဂေဟစနစ်တွေ ပြောင်းလဲနေတဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားကို ပုံသေတွက်ထားလို့လည်း မဖြစ်နိုင်ပါဘူး။ နှစ်စဉ်လိုအပ်ချက်က (၁၅)ရာခိုင်နှုန်း တိုးတက်နေပါတယ်။ ဒီလိုအပ်ချက်တွေကို အသုံးပြုနိုင်ဖို့အတွက် ယခု နျူးကလီးယားလောင်စာ နည်းပညာများကို သုတေသနပြုဆောင်ရွက်ဖို့သင့်ပါတယ်။ နိုင်ငံတော်နဲ့ရင်းနှီးမြှုပ်နှံ နိုင်တဲ့အတိုင်းအတာအတွင်းကနေ ဆောင်ရွက်သွားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ နျူးကလီးယားစွမ်းအင်ကိုလျှပ်စစ်စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့မှာ ထိထိရောက်ရောက်အကျိုးရှိစွာ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးလိုအပ်ချက်၊ နည်းပညာ လိုအပ်ချက်များကြောင့် နျူးကလီးယား နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မှု မရှိကြောင်း သိရ ပါတယ်။

သို့ဖြစ်ပါ၍ ခေတ်မီနိုင်ငံများမှာ တွင်ကျယ်စွာအသုံးပြုနေတဲ့ နျူးကလီးယားနည်းပညာရပ်အား နားလည်တတ်မြောက်စေရန်၊ လက်တွေ့အသုံးချနိုင်ရန်၊ သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် နျူးကလီးယားနည်းပညာရပ်ကို ယခုထက်ပိုမိုအလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၃း၅၀) နာရီတွင် ခေတ္တရပ်နားပြီး (၁၄း၀၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄ း ၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဒေါက်တာကိုကိုဦး (ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အခုအစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဖြစ်ပါတယ်။ ဒီ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မှ နျူးကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းထားပါတယ်။ အဆိုပါ အဆိုနှင့် စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေး တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နျူးကလီးယားပညာဟာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အထူးအရေးပါလှတဲ့အတွက် ယခုအခါ ကမ္ဘာတစ်ဝှမ်း ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ စွမ်းအင်ထုတ်လုပ်ခြင်း၊ သိပ္ပံဆိုင်ရာ သုတေသန လုပ်ငန်း၊ ပညာရေး အစရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးမှာ ဒီနည်းပညာကို ကျယ်ပြန့်စွာ အသုံးချလျက်ရှိကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့ နျူးကလီးယား နည်းပညာအပြင် နိုင်ငံ၏ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် နျူးကလီးယားနည်းပညာရပ်များကို စနစ်တကျ လုပ်ဆောင်နိုင်ရန် အလို့ငှာ ဦးစီးဌာနအဆင့်ရှိ အဖွဲ့အစည်းတစ်ရပ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှာ အနုမြူစွမ်းအင်ဦးစီးဌာနကို ၁၉၉၇ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပြီး ဌာနကြီး(၄)ခုနဲ့ နျူးကလီးယားနည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနဲ့ သုတေသနလုပ်ငန်းများ ကိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီဌာနတွေကတော့ ဓာတ်ရောင်ခြည်ကာကွယ်ရေးကဏ္ဍ၊ ဓာတ်ရောင်ခြည် အသုံးချဌာန၊ Rector နဲ့ Isotope ဌာန၊ စီမံခန့်ခွဲရေးနဲ့ ဘဏ္ဍာရေးဌာနတို့ပဲ ဖြစ်ပါတယ်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ နျူးကလီးယားနည်းပညာကို ယခင်ကာလများ ထက်ပိုမိုပြီး တွင်ကျယ်စွာ အသုံးပြုလာလျက်ရှိရာ ဥပမာအားဖြင့် ကျန်းမာရေးကဏ္ဍမှာ ယခင်က ရောဂါကုသရေးအပိုင်းမှာ Cobalt - 16 ကို သာ အသုံးပြုခဲ့ ရာမှာ ယနေ့မှာ Liniear Accelerator များကို နိုင်ငံတော်နဲ့ ပုဂ္ဂလိကကဏ္ဍများပါ တိုးတက်အသုံးပြုလာကြပါတယ်။ စိုက်ပျိုးရေးကဏ္ဍအနေနဲ့လည်း Genertic Engineering ဘာသာရပ်ကို လုပ်ဆောင်လျက်ရှိပြီး တိရစ္ဆာန်ဆေးဝါးများဆိုင်ရာ သုတေသန လုပ်ငန်းများ Radio Isotope နည်းပညာကို အသုံးပြုပြီး မြေအောက်ရေရှာဖွေရေး သုတေသနလုပ်ငန်းများနဲ့ အရာဝတ္ထုများကို မူရင်းမပျက် တိုင်းတာစစ်ဆေးတဲ့နည်းလမ်း Non-Distracted Testing ရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးမှာ ပိုက်လိုင်းများ၏ ယိုစိမ့်မှုကို စစ်ဆေးဆောင်ရွက်ခြင်း စတဲ့အသုံးပြုခြင်း များစွာကို ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

နျူးကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် အသက်မွေးပညာဦးစီးဌာန အောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှာ နျူးကလီးယား နည်းပညာဘာသာရပ်ကြီးတစ်ခုအနေနဲ့ ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့၊ ဒီဂရီ ပေးနိုင်သည်အထိ သင်ကြားပို့ချပေးလျက်ရှိနေပါတယ်။ အဲဒီအပြင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန အောက်မှာရှိတဲ့ မန္တလေးနည်းပညာတက္ကသိုလ်မှာလည်း မဟာအင်ဂျင်နီယာဘွဲ့၊ ပါရဂူဘွဲ့ များကို နျူးကလီးယားဘာသာရပ်၊ အထူးပြုဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိပါတယ်။ လူ့စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်ခြင်းကဏ္ဍ ဆောင်ရွက်ရာမှာ ၁၉၉၇ ခုနှစ်မှစပြီး ယနေ့ ဇွန်လ ၂၀၁၄ ရက်နေ့အထိ နျူးကလီးယားနည်းပညာဘာသာရပ်နဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပသင်တန်း အသီးသီး တက်ရောက်အောင်မြင်ပြီးသူ BE, ME နဲ့ Ph.D ဘွဲ့ရဦးရေ စုစုပေါင်း (၁၅၈)ဦး ပျိုးထောင်ပြီး ဖြစ်ပါတယ်။ ထို့အပြင် ပြည်ပအတွေ့အကြုံရစေရန် ထူးချွန်သူများကို ပြည်ပနိုင်ငံများသို့ ဘွဲ့လွန်သင်တန်းများ ရွေးချယ်စေလွှတ်ခဲ့ပါတယ်။ ဘွဲ့၊ ဒီဂရီ မဟုတ်တဲ့လုပ်ငန်း အထောက်အကူပြု သင်တန်းများဖြစ်တဲ့ ဓာတ်ရောင်ခြည်ကာကွယ်ရေးဘာသာရပ်အား နှစ်စဉ်သင်ကြားပေးခြင်း၊ ဓာတ်မှန်ကျွမ်းကျင်သူများကို ဓာတ်ရောင်ခြည်ကာကွယ်ရေးသင်တန်းများ တိုးချဲ့ပို့ချပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်နဲ့ဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဟာ နျူးကလီးယားစွမ်းအင်ကို၊ နျူးကလီးယားနည်းပညာကို စွမ်းအင်ထုတ်လုပ်ခြင်း ဆိုင်ရာကိစ္စရပ်များ၊ စွမ်းအင်ထုတ်လုပ်ခြင်းမဟုတ်တဲ့ နျူးကလီးယားနည်းပညာ အသုံးချခြင်းဆိုင်ရာ ကိစ္စရပ်များကို ပြည့်ပြည့်စုံစုံဆွေးနွေးခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ ဒီလို နျူးကလီးယားနည်းပညာ အသုံးချခြင်းဆိုင်ရာ ကိစ္စရပ်များမှာ အရေးကြီးတဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများ ဆွေးနွေးတဲ့အထဲမှာလည်း ပါဝင်ပြီးဖြစ်တဲ့ Nuclear Safety နျူးကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ Nuclear Security နျူးကလီးယား လက်နက်များ မပြန့်ပွားရေးကိစ⊞စ များနဲ့ ပတ်သက်တဲ့ အခြေခံအဆောက်အအုံများ ရှိရေးဟာလည်း အလွန်အရေးကြီးတဲ့ ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဓာတ်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးအတွက် လက်ရှိပြဋ္ဌာန်းထားတဲ့ အနုမြူစွမ်းအင် ဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ Nuclear Security နဲ့သက်ဆိုင်တဲ့ ဒီ နျူးကလီးယား မပြန့်ပွားရေးစာချုပ်ရဲ့ နောက်ဆက်တွဲဖြစ်တဲ့ Additional Protocol ကိုလည်း မြန်မာနိုင်ငံက လက်မှတ် ရေးထိုးပြီး ဖြစ်ပါတယ်။

ယခုအချိန်အခါမှာ အနုမြူစွမ်းအင်ဦးစီးဌာနအနေနဲ့ နျူးကလီးယားနည်းပညာဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်မှုများကို စနစ်တကျဆောင်ရွက်သွားနိုင်စေရန်အတွက် အခန်း(၁၅)ခန်းနဲ့ ပုဒ်မ(၂၁၅)ခု ပါဝင်တဲ့ နျူးကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ရန် ပြုစုရေးဆွဲလျက် ရှိပါတယ်။ အဆိုပါ ဥပဒေမူကြမ်းမှာ နျူးကလီးယားစွမ်းအင်နဲ့သက်ဆိုင်တဲ့ မူဝါဒများ ပါဝင်တဲ့ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းရေးဆွဲထားပါတယ်။ အသုံးချသုတေသနနယ်ပယ် အကျယ်အဝန်းကို တိုးချဲ့ဆောင်ရွက်နိုင်မယ့် နျူးကလီးယားသုတေသနနဲ့ အသုံးချရေးဆိုင်ရာ ဥပဒေမူကြမ်း ကိုလည်း ပြုစုရေးဆွဲရင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ပြုစုရေးဆွဲထားတဲ့ ဥပဒေမူကြမ်းများနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီသို့ အကြံပြုချက်များ တောင်းခံခြင်း၊ နည်းပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များထံမှ အကြံဉာဏ်နှင့် သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ ဌာနတွင်း အစည်းအဝေးများ ခေါ်ယူ၍ ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်

ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တို့ကိုလည်း ဒီဥပဒေမူကြမ်းတွေကို ပေးပို့ပြီး သဘောထားမှတ်ချက်များ တောင်းခံထားပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၅၇ ခုနှစ်မှစပြီး အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင်အေဂျင်စီ သို့ အဖွဲ့ဝင် အဖြစ် ဝင်ရောက်ခဲ့ပြီး အဲဒီအချိန်ကစပြီးတော့ IAEA နဲ့ နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း များမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အနုမြူစွမ်းအင်ဦးစီးဌာန ဟာ IAEA နဲ့ နည်းပညာပူးပေါင်း ဆောင်ရွက်မှုကိစ္စများကို Focal Point အဖြစ်ဆောင်ရွက်ပြီး နိုင်ငံတစ်ဝှမ်းမှာ နျူးကလီးယားနည်းပညာ အား ငြိမ်းချမ်းစွာအသုံးချမှု ဖွံ့ဖြိုးတိုးတက်ရေးမှာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် IAEA နဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဥ်အဖြစ် နျူးကလီးယားသိပ္ပံနှင့် နည်းပညာ ဆိုင်ရာ သင်တန်းများပေးခြင်း၊ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ပါတယ်။ IAEA နဲ့ နည်းပညာပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ နျူးကလီးယားနည်းပညာ အသုံးပြုသည့် ကျန်းမာရေးနှင့် ဆေးသုတေသနကဏ္ဍ၊ ဓာတ်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးကဏ္ဍ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ရေရရှိရေးကဏ္ဍ၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ၊ စက်မှု၊ နည်းပညာကဏ္ဍနှင့် စွမ်းအင် ကဏ္ဍတို့မှာ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် IAEA ရဲ့ ကြီးကြပ်မှုနှင့် အာရှနှင့်ပစိဖိတ်ဒေသအတွင်းမှာ အဖွဲ့ဝင်(၁၉)နိုင်ငံနှင့် ဖွဲ့စည်းထားတဲ့ နျူးကလီးယားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေး လေ့ကျင့်သင်ကြားရေးနှင့် သုတေသန ပူးပေါင်းဆောင်ရွက်ရေးသဘောတူချက် Regional Agreement for Research Development and Training Related to the Nuclear Science and Technology (RCA) သို့ ၁၉၉၄ ခုနှစ်မှာ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဒေသအတွင်း နည်းပညာပူးပေါင်း ဆောင်ရွက်ရေး စီမံကိန်းများမှာ ပါဝင်ဆောင်ရွက်လျက်ရှိတဲ့အပြင် အာရှဒေသဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှာလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါစီမံကိန်းများ အစီအစဥ်ဖြင့် မြန်မာနိုင်ငံမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကာလရှည်သင်တန်းများ၊ လေ့လာရေးခရီးများ စေလွှတ်ခြင်း၊ ကျွမ်းကျင်သူများ လာရောက်၍ သင်တန်းပို့ချခြင်း၊ လက်တွေ့ခန်းများ အဆင့်မြင့်တင်ရန်အတွက် နည်းပညာအထောက်အကူပြု စက်ပစ္စည်း များကို အထောက်အပံ့ ပေးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း သင်တန်း၊ အလုပ်ရုံ ဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ ဝန်ထမ်းစုစုပေါင်း(၃၅၀)ဦးခန့် စေလွှတ်နိုင်ခဲ့ပါတယ်။ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဥ်ရဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့ အရပ်ဘက် နျူးကလီးယားစွမ်းအင်ကဏ္ဍ၏ နျူးကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်ဌာနခွဲ (Nuclear Energy Co-operation Sub - Sector Network - NECSSN) တွင် မြန်မာသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Focal Ministry ဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

နျူးကလီးယားစွမ်းအင်ကို စိတ်ဝင်စားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AEC) နှင့် Korea Electric Power Coorporation နဲ့ စွမ်းအင်ထုတ်ခြတ်ပေါင်းဖိုဆိုင်ရာ သတင်းအချက်အလက် များနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးမှာ နားလည်မှုစာချွန်ရေးထိုးရာမှာ ပါဝင်ဆောင်ရွက်လျက် ရှိတဲ့အတွက် ASEAN + 3 Civilian Nuclear Energy မှ ကြီးမှူးပြုလုပ်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များမှာလည်း သင်တန်းသားများကို စေလွှတ်လျက်ရှိပါတယ်။ နျူးကလီးယား ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်တမ်းများ ပိုမိုခေတ်မီစေရန် စဉ်ဆက်မပြတ် ဆွေးနွေးပြုစုခြင်း၊ လိုအပ်သည့် စာရွက်စာတမ်းများ ဝယ်ယူ၍ သက်ဆိုင်ရာ ကျောင်းများသို့ ဖြန့်ဝေဆောင်ရွက်ခြင်း၊ စာတွေ့လက်တွေ့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျောင်းများတွင်သာမက အနုမြူစွမ်းအင်ဦးစီးဌာန လက်အောက်ရှိ နျူးကလီးယား လုပ်ငန်းခွင်သုံး လက်တွေ့ခန်းကဏ္ဍများကို ခေတ်မီကိရိယာများ ဖြည့်တင်းပြီး ကျောင်းသူ/ ကျောင်းသားများ လက်တွေ့ကွင်းဆင်းလေ့လာသင်ယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်ရန် သင်တန်းသားများ ပိုမိုရရှိရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မဟာဌာနကြီးများအဆင့် အထိ ရောက်အောင် ရည်မှန်းချက်များ ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံနိုင်ငံများနှင့် တခြားတိုင်းပြည်များနည်းတူ နျူးကလီးယားနည်းပညာများကို အသုံးချနိုင်ရန် ကျွမ်းကျင်သော လူ့စွမ်းအား အရင်းအမြစ် မွေးထုတ်ခြင်းအား အရေးကြီးသည့် အချက်ဖြစ်ပါသဖြင့် ယခုအခါပိုမိုအလေးထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယခု တင်သွင်းတဲ့အဆိုအား ကောင်းမွန်ပြီးတော့ ကျွန်တော်တို့ နျူးကလီးယားနည်းပညာ အသုံးချခြင်းအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ကိစ္စရပ်တစ်ခု ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီအဆိုနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော်က ဆုံးဖြတ်ချက်နဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၀။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြင့်ကြည် ပြောဖို့ရှိသလား။

**အချိန်၊ ၁၄း၂၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို ဆွေးနွေးခွင့် ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုနက ပြည်ထောင်စုဝန်ကြီး ဆွေးနွေးသွားတဲ့ဟာတွေ အတော်နီးစပ်ပါတယ်။ ဒါ အထူးအထွေ ရှင်းလင်းပြောကြားဖို့ ကျွန်တော့်အနေနဲ့ မရှိပါဘူး။

သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံ ခုနက ဒီ နျူးကလီးယားပညာရှင်တွေ ခုနတုန်းက ဒီလောက်ရှိပေမယ့်လည်းပဲ ကျွမ်းကျွမ်းကျင်ကျင်နဲ့ရှိတဲ့ပုဂ္ဂိုလ်ဟာ အင်မတန်နည်းပါတယ်။ နောက် ဒီအပြင်အနီးအနားမှာရှိနေတဲ့ ထိုင်းနိုင်ငံပဲဖြစ်ဖြစ်၊ ကျွန်တော် ဗီယက်နမ်နိုင်ငံမှာပဲဖြစ်ဖြစ် ဒါလည်း သိပါတယ်။ ကျွန်တော်တို့ဆီမှာ ဒီပညာသင်ကြားရေးအတွက် အထောက်အကူပြုတဲ့ ပစ္စည်းတွေက လည်း အင်မတန်နည်းပါတယ်။ ဒါတော့ ဒီမှာ ပြည်ထောင်စုဝန်ကြီး ရှိနေတုန်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးရင် ဂျပန် Sendai ဒေသက ဒီ Reactor မတော်တဆဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့ လေဆိပ်မှာ Radiation ကို Check လုပ်ရပါတယ်။ Geiger Counter အနေနဲ့ ကျွန်တော်တို့ Check လုပ်ရတယ်။

အဲဒီတော့ ကျွန်တော် သိလိုက်ရတာ အဲဒီအချိန်မှာ ကျွန်တော်တို့ မရမ်းကုန်းမြို့နယ်မှာ ရေနံကုမ္ပဏီကြီး ရှိပါတယ်။ အဲဒီ ရေနံကုမ္ပဏီကြီးကနေပြီးတော့ ပံ့ပိုးမှုကို ပေးရတယ်လို့ ကျွန်တော် ကြားလိုက်ရပါတယ်။ အင်မတန် ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါကြောင့်မို့လို့ ပစ္စည်းပစ္စယတွေလည်း ကျွန်တော်တို့ စုံလင်ဖို့လိုပါတယ်။ နောက်တစ်ချက် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ အဲဒီမှာဆိုရင် ဒီလိုပစ္စည်းတွေဟာ ပြည့်ပြည့်စုံစုံ ရှိပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ Research Reactor တွေ ဒါဟာ သင်ကြားရေးအတွက် အင်မတန် အထောက်အကူပြုပါတယ်။ ဒီ Reactor ဆိုတာနဲ့ ကျွန်တော်တို့ ချက်ချင်းကျွန်တော်တို့ သိပ်ကြီးကြီးမားမားကြီးတွေ လုပ်လို့မရပါဘူး။ နောက် အဲဒီ Reactor ကနေ ထွက်လာတဲ့ Enriched Uranium ဒါ ပြည်ထောင်စုဝန်ကြီးတို့လည်း သိပါတယ်။ ဒီ Enriched Uranium တစ်နည်းအားဖြင့် ဟိုဘက်စစ်လက်နက်ပစ္စည်း အတွက်အသုံးချဖို့ဟာလည်း ဒီ Reactor ကို ဒီဇိုင်းလုပ်တဲ့လူတွေက ဒီဇိုင်းလုပ်မယ်ဆိုရင် ကျွန်တော်တို့ က IAEA Expert တွေနဲ့ လုပ်ရတာပါ။ အဲဒီထဲက သူတို့က ဒါ မဖြစ်အောင် လုပ်ခဲ့တာပါ။ ဒါ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရှိရင် အဲဒီတော့ ကျွန်တော်တို့နေရာမှာ ကျွန်တော်တို့ဆီမှာ အများကြီး လိုပါသေးတယ်။

ဟိုတုန်းက ကျွန်တော်တို့ ၁၉၆၀ ခုနှစ်ပတ်ဝန်းကျင်လောက်မှာ ကျိုက္ကဆံကွင်းမှာ ပြခန်းတွေ ရှိပါတယ်။ ပြပါတယ် ကျွန်တော်တို့ ပြည်ထောင်စုနေ့တွေ၊ ဘာတွေမှာ အဲဒီတုန်းကဆိုရင် အခုနတုန်းက တင်ပြသွားတဲ့ အဲဒီတုန်းက Burma State Cigarette တွေ၊ အထူတွေတိုင်းတာတွေ၊ ချူးကလီးယားနဲ့ လုပ်တာတွေ ကျွန်တော်တို့ ပြသခဲ့တာတွေ အများကြီးရှိပါတယ်။ သို့သော် ဒီနေ့အချိန်အခါမှာတော့ လက်တွေ့မှာ ပြနိုင်ချေမရှိတော့ပါဘူး။

နောက်တစ်ချက် အခုနတုန်းက ပြောသွားတဲ့ ဒီ Fission နဲ့ Fusion အခုဆိုလို့ရှိရင် Nano ဆိုတော့ Pellet ပါ။ ပဲလက် ဆိုတာကတော့ ကျွန်တော်တို့က မီလီမီတာလောက်ရှိတဲ့ အသေးလေး ကို Laser Beam နဲ့ ထိုးလိုက်တဲ့အခါမှာ သူ့အတွက် ဒီ ချူးကလီးယားစွမ်းအင်တွေ ထွက်လာပါတယ်။ ဒီပညာရပ်တွေဟာ အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီဟာကို အလေးထားပြီးတော့ ဆောင်ရွက်ဖို့သင့်တဲ့အတွက်ကြောင့် လိုအပ်သေးတယ်လို့ ကျွန်တော့်အနေနဲ့ ထင်တဲ့အတွက်ကြောင့်၊ ယူဆတဲ့အတွက်ကြောင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ကျွန်တော်လည်းပဲ ခံယူပါမယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄:၂၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ ချူကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၁၂၈)မဲ၊ ကန့်ကွက် (၅)မဲ၊ ကြားနေ (၉)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများနေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးလှဆွေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းလိုတဲ့ အဆိုကတော့ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း ဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤအဆိုကို တင်သွင်းရတဲ့အကြောင်းကတော့ ကျွန်တော်ဟာ ရခိုင်ပြည်နယ်မှာ (၉)နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်မှာ နေရာအနှံ့ ရောက်ဖူးပါတယ်။ နယ်စပ်ဒေသတွေလည်း ရောက်ဖူးသလို ရခိုင်တောင်တန်းဒေသတွေလည်း ရောက်ဖူးပါတယ်။ ပင်လယ်ပိုင်းဒေသတွေကိုလည်း ရောက်ဖူးပါတယ်။ ရောက်ရန်ခက်ခဲလှတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံကြားမှာရှိတဲ့ ဝိုက်စ်စတာ ဆိုတဲ့ မီးပြတိုက်ကျွန်းလေးကအစ ကျွန်တော် ရောက်ဖူးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ရခိုင်ပြည်နယ်အကြောင်းကို တော်တော်များများ သိနားလည်တဲ့ အတွက်ကြောင့် ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားများ နေပျော်ဖို့ရာအတွက် အစီအမံများ ဘက်စုံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်သာ မကဘူး။ မြန်မာနိုင်ငံ ပြည်နယ်နဲ့ တိုင်းအသီးသီးက ရွှေ့ပြောင်းလုပ်သားတွေဟာ မိမိတို့နေရပ်ကို စွန့်ခွာပြီးတော့ နိုင်ငံရပ်ခြား အပါအဝင် ရေကြည်ရာ၊ မြက်နုရာတွေကို ရွှေ့ပြောင်းပြီးတော့ စားဝတ်နေရေး ပြေလည်အောင် မိမိဒေသကနေ ထွက်ပြီးတော့ အလုပ်လုပ်လျက်ရှိပါတယ်။ ရေနံမှော်တွေ၊ ကျောက်စိမ်းမှော်တွေ၊ ရွှေမှော်တွေ၊ မလေးရှားတို့၊ ထိုင်းတို့ စတဲ့ဒေသတွေမှာ သိန်းသန်းချီပြီးတော့ သွားရောက်ပြီး အလုပ်လုပ်ကိုင်နေကြပါတယ်။ အခြားပြည်နယ်နဲ့တိုင်းက ရွှေ့ပြောင်းလုပ်သားတွေ ဘယ်လိုပဲသွားသွား အရေးမကြီးသော်လည်းပဲ ရခိုင်ပြည်နယ်က တိုင်းရင်းသားတွေဟာ နေရပ်ကို စွန့်ခွာပြီးတော့ အခြားဒေသတွေမှာ အခြေတကျသွားပြီးတော့ အလုပ်ထွက်လုပ်ကြတဲ့အခါမှာတော့ ကျွန်တော်တို့ ပြဿနာတစ်ရပ်ပေါ်လာပါတယ်။

အဲဒီ စွန့်ခွာသွားတဲ့လူတွေရဲ့နေရာမှာ ဒီ အီလျီရန်စ် တွေဟာ ဝင်ရောက်လာပါတယ်။ ဒီ အီလျီရန်စ် ဆိုတဲ့စကားကို သုံးခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးကို မေတ္တာရပ်ခံအပ်ပါတယ်။ အီလျီရန်စ် ဆိုတာကတော့ အခြားကမ္ဘာက ဝင်ရောက်လာတဲ့သူတွေ လို့ အဓိပ္ပာယ်ရပါတယ်။ ဒါဟာ စွန့်ခွာသွားတဲ့နယ်မြေ၊ စွန့်ခွာသွားတဲ့ ရခိုင်တိုင်းရင်းသားတွေနေရာမှာ ဝင်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေနေရာမှာတော့ ဒါဟာ ကျွန်တော်တို့ အမျိုးသားရေး ဆုံးရှုံးမှုတစ်ရပ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ ငယ်စဉ်တုန်းကတော့ ရခိုင်တိုင်းရင်းသား တွေဟာ တပ်ထဲမှာအများအပြား ဝင်ရောက်စစ်မှုထမ်းကြတာကို တွေ့ရပါတယ်။ အဲဒီမှာဆိုရင် တပ်ထဲမှာဆိုလို့ရှိရင် ရခိုင်တပ်စု၊ တပ်စိတ်၊ တပ်ခွဲထိတောင် ရခိုင်တိုင်းရင်းသား တပ်မတော်သားတွေ အများအပြားရှိပါတယ်။

အခုခေတ်မှာတော့ မလေးရှား၊ အဲဒီတုန်းကတော့ မလေးရှားတွေ၊ ထိုင်းတွေက ခေတ်မစားသေးဘူး။ အဲဒီတော့ ရခိုင်လူမျိုးတွေဟာ သူတို့ဒေသမှာ နေစရာ ထိုင်စရာ မရှိဘူး။ အလုပ်အကိုင် အခွင့်အလမ်း မရှိဘူး။ အရင်းအနှီးမရှိဘူး။ နည်းပညာ အခက်အခဲရှိတယ်။ ဒါတွေကြောင့်မို့လို့ သူတို့က နေရပ်ကို စွန့်ခွာပြီးတော့ ရေကြည်ရာ၊ မြက်နုရာ သွားကြရတာဖြစ်ပါတယ်။ ကျန်တဲ့ ပြည်နယ်နဲ့ တိုင်းတွေမှာ ပြဿနာမရှိပေမယ့် ရခိုင်ပြည်နယ်မှာတော့ လစ်ဟာသွားတဲ့ ရခိုင်လူမျိုးတွေရဲ့နေရာမှာ Refill ဝင်ရောက်လာတဲ့ အီလျီရန်စ် တွေဟာ ကြောက်ခမန်းလိလိ တိုးပွားလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့ရခိုင်ရွာကြီးတွေဟာ နာမည်ပဲကျန်ခဲ့ပြီးတော့ ရခိုင်မိသားစုတစ်စုမှ မရှိတော့တဲ့ရွာတွေဟာ အများအပြား အခု လက်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တချို့မြို့တွေကတော့ လက်မခံပါဘူး။

ဥပမာ - တောင်ကုတ်တို့၊ မာန်အောင်တို့ကတော့ အခြားမှ ဝင်ရောက်လာသူများကို လုံးဝ လက်မခံဘဲနဲ့ မာမာတင်းတင်း တုံ့ပြန်ပြီးတော့ ကျန်ခဲ့တဲ့ နှစ်မြို့လောက်ပဲ ကျန်ခဲ့ပြီးတော့ ကျန်တဲ့ မြို့တွေမှာတော့ အကြီးအကျယ်တိုးပွားနေတာကို မြင်ရမှာ ဖြစ်ပါတယ်။ ဒီရှည်လျားလှတဲ့ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ဟာ ပင်လယ်နဲ့ထိစပ်နေတဲ့ ပိုက်စိတ် ဆိုတဲ့ ငါးဖမ်းတဲ့နေရာတွေမှာ ဆိုလို့ရှိရင် ပုရွက်ဆိတ်အုံတွေလိုပဲ အခြားမှ လာရောက်သူများဟာ တိုးပွားလျက်ရှိတာကို ပြွတ်သိပ်ကျပ်ညှပ်ပြီးတော့ ကျွန်တော် ရောက်လည်း ရောက်ဖူးပါတယ် အဲဒီနေရာတွေ။ အဲဒီတော့ ဒီကိစ္စကို ကုစားဖို့ရာမှာ ပြည်ပက ဗမာတွေကို ရွာတွေတည်ပေးပြီးတော့ စစ်မှုထမ်းဟောင်း စသဖြင့် အဲဒါတွေကို ရွာတွေတည်ပေးပြီးတော့ ကျွဲတွေ၊ နွားတွေ၊ လယ်ယာတွေ ဖော်ထုတ်ပေးပြီးတော့ စံပြရွာကြီးတွေ ထူထောင်ပေးတာ ရှိပါတယ်။

ဒါတွေနဲ့လည်း မလုံလောက်ပါဘူး။ အဓိကကတော့ ရခိုင်ပြည်နယ်မှာ ရခိုင်တွေ ပျော်လာအောင်၊ ရခိုင်တွေ နေချင့်စဖွယ်ဖြစ်လာအောင်၊ ရခိုင်တွေ ရပေါက်ရလမ်းတွေ ပွင့်လာအောင်၊ ရခိုင်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေကို နိုင်ငံခြားမှာလုပ်သလို ဝင်ငွေတွေရရှိလာအောင်၊ ရခိုင်လူမျိုးတွေကို ဦးစားပေးတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ကမ္ဘာ့အဆင့်မီတဲ့စက်ရုံ၊ အလုပ်ရုံတွေ ဝင်ငွေကောင်းတဲ့ စီးပွားရေး အခွင့်အလမ်းတွေ ဖော်ထုတ်ပေးပြီးတော့ အရင်းအနှီးတွေ၊ အထူးချေးငွေတွေ၊ မတည်ချေးငွေတွေ ဒါတွေနဲ့ ကျွန်တော်တို့က ဆွဲဆောင်ရမှာဖြစ်ပါတယ်။ အခုတော့ ရခိုင်ပြည်နယ်မှာ ရခိုင်တွေက ရန်ကုန်ကို သွားတာ များပါတယ်။ ရန်ကုန်မှာများလွန်းလို့ ကျွန်တော်တို့ ရခိုင်ဝန်ကြီးတစ်ပါးတောင် ပေးထားတဲ့ အနေအထား တွေ့ရှိရပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်မှာ မြေရှားသတ္တုသိုက်များ (Rare Earth Minerals) တွေ ပေါများစွာ ထွက်ရှိတာကို သိရှိရပြီးတော့ ဒီနေရာတွေမှာလည်း သတ္တုရတနာမြေများအဖြစ် ဖော်ထုတ်ပေးပြီးတော့ ဒေသခံတွေကို လုပ်ကွက်ချပေးခြင်းအားဖြင့်လည်းကောင်း၊ နိုင်ငံခြားပညာရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်စေခြင်း အားဖြင့်လည်းကောင်း ဒေသခံတွေကို အမြတ်အစွန်းတွေ ရရှိအောင် ဖန်တီးပေးသင့်ပါတယ်။ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ သိသင့်သလောက်ကတော့ သံတွဲတို့၊ ကျောက်ဖြူတို့၊ စစ်တွေတို့မှာ အအေးခန်းစက်ရုံတွေ အချို့ရှိတယ်။ ကျောက်တော်မှာ သကြားစက်တစ်ခု ရှိပါတယ်။ ဒီလောက်ပဲ ရှိတာ တွေ့ရပါတယ်။ ဒါစက်ရုံ၊ အလုပ်ရုံတွေနဲ့ ကျယ်ပြောလှတဲ့ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်မှာ ဟိုတယ်ဇုန်တွေကို ဖော်ထုတ်ပေးပြီးတော့ ရခိုင်တိုင်းရင်းသားတွေကို ဒီဟိုတယ်ဇုန်တွေမှာ လုပ်ကွက်ချထားပေးခြင်း၊ ဝန်ထမ်းတွေ ခန့်ထားပေးခြင်း ဒီလိုတွေ စီမံဆောင်ရွက်သင့်ပါတယ်။

ဒါ ကျွန်တော် ရခိုင်ပြည်နယ်နယ်စပ်၊ ကမ်းရိုးတန်းတစ်လျှောက်မှာ (Coastal Line) တစ်လျှောက်မှာ ဆိုရင်တော့ နိုင်ငံတကာ အဆင့်မီတဲ့ Beach ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီတဲ့ Beach ဆိုတာ ကျွန်တော်တို့ Blue Water, White Sand, Sunshine ရေကပြာရမယ်၊ သဲကဖြူရမယ်၊ နေရောင်ခြည်ရရမယ်။ ဒီအချက်(၃)ချက်နဲ့ ပြည့်စုံတဲ့ကမ်းရိုးတန်းကြီး ဖြစ်ပါတယ်။ အဲဒီလို ကမ်းရိုးတန်းကြီးမှာ ကျွန်တော်တို့က ဟိုတယ်ဇုန်တွေ၊ အသစ်တွေ ဖော်ထုတ်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဥပမာ - နေပြည်တော်မှာဆိုလို့ရှိရင် ဟိုတယ်ဇုန်(၁)၊ (၂)၊ (၃) ဆိုပြီးတော့ ရှိတယ်။ ကျွန်တော် ဟိုတယ်ဇုန်(၂)ကို ဟိုနေ့ကသွားတော့ လမ်းကနေဖြတ်သွားရင်းနဲ့ ကြည့်လိုက်တာ ဟိုတယ်ကြီး အကြီးကြီးပဲ။ ကျွန်တော်တို့ (၆)ထပ်လောက်ရှိတယ်။ အဲဒီမှာ စာရေးထားတာတွေ့တာ တစ်ရက်ကို (၂၀၀၀၀)၊ ( ၃)ရက်တည်းရင် (၁)ရက်အလကား ဆိုပြီးတော့ ဟိုတယ်ကြီးမှာ စာချိတ်ထားတာတွေ့တယ်။ တည်းမယ့်လူ မရှိဘူး။

ဒါပေမဲ့ အဲဒီလို ငပလီလိုနေရာမျိုးမှာ (၁)ရက်ကို (၁)သိန်း။ Aircon မပါဘူး။ တဲကြီးနဲ့ နေရတယ်။ ဒါ အင်မတန် အဲဒီဘက်မှာ ဖွံ့ဖြိုးတာပေါ့။ အင်းလေးမှာလည်း ဒီအတိုင်းပါပဲ။ ဖွံ့ဖြိုးတဲ့ နေရာမှာ ဟိုတယ်ဇုန်တွေက မရှိဘဲနဲ့ Tourists မလာတဲ့နေရာ၊ လူတွေ မတည်းတဲ့နေရာမှာတွေက ဟိုတယ်ဇုန်တွေ လာဖြစ်နေတာဟာ စီးပွားရေးသမားတွေအနေနဲ့လည်း အကျိုးအမြတ်ရရှိမယ် မထင်ပါဘူး။ အဲဒါကြောင့် တကယ့်ဖြစ်နိုင်ခြေရှိတဲ့ အင်မတန်ကျယ်ပြန့်လှတဲ့ ရခိုင်ကမ်းရိုးတန်းကြီးမှာ ဟိုတယ်ဇုန်အသစ်တွေ ဖော်ထုတ်ပေးပြီးတော့ ရခိုင်တိုင်းရင်းသားတွေကို အကွက်တွေချပေးတာ၊ အလုပ်အကိုင်တွေရရှိအောင် ဖန်တီးပေးတာ၊ ဒီလိုမျိုးစီမံသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

စက်မှုဇုန်တွေ ဖော်ထုတ်ပေးဖို့ရာ လျာထားချက်တွေရှိတယ်လို့ သိရသော်လည်းပဲ ပီပီပြင်ပြင် စက်မှုဇုန်တစ်ခုမှ ရခိုင်ပြည်နယ်မှာ ကျွန်တော့်အနေနဲ့ မတွေ့ရပါဘူး။ ဟုတ္တိပတ္တိမရှိပါဘူး။ အဲဒီမှာ နိုင်ငံတကာအဆင့်မီ စက်ရုံ၊ အလုပ်ရုံတွေ၊ စက်မှုဇုန်တွေ ထူထောင်ပေးသင့်ပါတယ်။ ဒါမှသာ ရခိုင်လူမျိုးတွေဟာ နိုင်ငံခြားမှာ အလုပ်သွားလုပ်ရသကဲ့သို့ အိုးမကွာ၊ အိမ်မကွာ ဝင်ငွေကောင်းပြီး နေပျော်လာမယ်လို့ ယူဆပါတယ်။ ရခိုင်ပြည်နယ်ဟာ တပ်မတော်အစိုးရလက်ထက်မှာ ကားလမ်းတွေ၊ ရထားလမ်းတွေ၊ တံတားကြီးတွေ ပြည်မနဲ့ ဆက်သွယ်နိုင်လာခဲ့တာ ယခင်ကထက် စာရင်တော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာပြီလို့ ဆိုနိုင်ပေမယ့်လို့ ဒါနဲ့ပဲ တင်းတိမ်အားရကျေနပ်မှုမရှိဘဲ ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာအောင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ ဖော်ဆောင်ဖန်တီးသင့်ပါတယ်။ ရေကြောင်းကိုသာ အားထားအားကိုးမပြုဘဲနဲ့ လေယာဉ်၊ ရထား၊ ကား စသည်ဖြင့် ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် ဖောက်လုပ်ပေးသင့်ပါတယ်။

ချင်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှုမှာ အဆိုးဆုံးလို့ဆိုပေမယ့် Refill ပြဿနာ အဲဒီမှာ မရှိပါဘူး။ ရခိုင်ပြည်နယ်မှာတော့ အမျိုးသားရေးကိစ္စတစ်ရပ်လို့ သဘောထားပြီးတော့ ပြည်နယ်နဲ့ တိုင်းအားလုံးမှာ ရခိုင်ပြည်နယ်ကို နံပါတ်(၁) ဖွံ့ဖြိုးတိုးတက် လာအောင်ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါမှသာ ပြည်ပရောက်နေတဲ့ နိုင်ငံအနှံ့အပြားမှာ ကျယ်ပြန့်စွာ ကွဲထွက်ရောက်ရှိနေတဲ့ ရခိုင်တွေဟာ မှော်တွေမှာ ကျောက်ခိုးတူးနေတဲ့လူတွေ၊ ရန်ကုန်မှာ ကြုံရာကျပမ်းအလုပ်ထွက်လုပ်စားနေတဲ့သူတွေ အဲဒီလို လူအားလုံးဟာ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနေပြီဖြစ်တဲ့ ရခိုင်ပြည်ကို ပြန်လည်အခြေချလာဖို့ လိုပါတယ်။

နယ်စပ်မှာ စီးပွားရေး မဖြစ်ရင် စွန့်ခွာသူတွေ များပြားလာတာကြောင့် လူမျိုးအမျိုးခံရတဲ့ ဖြစ်စဉ်တွေ ကမ္ဘာတစ်ဝှမ်းမှာလည်း ရှိပါတယ်။ လက်ရှိအီရတ်မှာ ပြဿနာဖြစ်ပေါ်နေတာဟာ ဒါကို ကျွန်တော်တို့ နမူနာ ကြည့်လို့ရပါတယ်။ ဒါ့အပြင် ၁၉၈၂ ခုနှစ်၊ ဥပဒေနဲ့ အကျုံးဝင်တဲ့ ဒီဘိုးစဉ်ဘောင်ဆက်နေလာတဲ့ ဘင်္ဂါလီများကိုလည်း ထပ်မံဝင်ရောက်လာသူနဲ့ ခွဲခြားနိုင်အောင်လို့ Myanmarization လုပ်ပေးဖို့ လိုတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ကျောင်းတွေမှာ မသင်မနေရ ကျား/မ စာသင်စေဖို့ လိုပါတယ်။ အဲဒီမှာက ကျွန်တော်တို့ ဒါမှသာလျှင် Myanmarization ဖြစ်လာမယ်။ အမျိုးသမီးသားဖွားသင်တန်းတွေ ကျွန်တော်တို့ ပေးရမယ်။ ကျောင်းတွေမှာ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့ တွေကို ပြည်မက ကျောင်းသူတွေကို ခိုင်းသလို ပြည်မကကျောင်းသူတွေကို ဖွဲ့စည်းပေးသလိုပဲ အဲဒီဒေသ တွေမှာ ဖွဲ့စည်းသင့်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အဲဒီဒေသက ဘင်္ဂါလီမိန်းမပျိုတွေဟာ အပျိုဖြစ်တာနဲ့ မောင်းထုပြီးတော့ ခေါင်းမြီးခြုံပြီးတော့ ဘယ်မှမထွက်ရတော့တဲ့ အိမ်တွင်းပုန်းအဆင့်ကို ရောက်ရှိ သွားပါတယ်။ ပညာမတတ်တာဟာ အင်မတန်အားနည်းပါတယ်။ အားနည်းချက်က သူ့ကို ပြောသမျှ ဆိုသမျှ သူများပြောသမျှ အကုန်ယုံရတော့မယ့် အနေအထား ဖြစ်သွားပါတယ်။ အဲဒီတော့ သူ့ကို ပညာတတ်ဖို့ သင်ပေးဖို့ အဲဒီတော့ ကျွန်တော်တို့ မိန်းကလေးဆိုတာ (၁၂)နှစ်၊ (၁၃)နှစ်ဆို အပျိုဖြစ်တယ်။ (၁၂)နှစ်၊ (၁၃)နှစ်ဆို (၇)တန်း၊ (၈)တန်း။ (၇)တန်း၊ (၈)တန်း ဆိုရင် သူက ကျောင်းမနေရတော့ဘူး။ ဒါသူက အပျိုဖြစ်ပြီဆို မောင်းထုလိုက်တယ်။ အိမ်ထဲက အိမ်ပြင် မထွက်ရတော့ဘူး။

အဲဒီတော့ အဲဒီအနေအထားဖြစ်သွားတာကို ကျွန်တော်တို့က မရဘူး။ ဆယ်တန်းထိ တက်ရမယ်။ ဒီကလေးတွေကို ပညာသင်ကြားပေးဖို့ရာအတွက် အင်မတန် အရေးကြီးပါတယ်။ ဒါဟာ ပညာမတတ်တာဟာ အသိဉာဏ်ကို တုံးစေပြီးတော့ ဆင်ခြင်တုံတရားတွေကို ကင်းမဲ့စေပါတယ်။ ဒါကြောင့်မို့ သူတို့ကို Myanmarlization လုပ်ပေးဖို့ လိုပါတယ်။ မြန်မာပြည်မှာ ကျင်းပတဲ့ အစ်နေ့ပွဲတွေလိုပဲ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ ဘင်္ဂါလီတွေကိုလည်း မြန်မာပြည်မှာကဲ့သို့ ဆောင်ရွက်ပေးဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲဒီ ဒေသခံစစ်စစ်တွေဟာလည်း ဘင်္ဂလားဒေ့ရှ်က ခိုးဝင်လာတဲ့ပုဂ္ဂိုလ်များနဲ့ သူတို့ဟာ သဟဇာတမဖြစ်ပါဘူး။ ဒီကလူတွေကိုလည်း ဟိုကလက်မခံသလို ဟိုကလူတွေကိုလည်း ဒီကလက်မခံပါဘူး။ ဒါကြောင့်မို့သူတို့ဟာ Myanmarization လုပ်ဖို့ အင်မတန် လိုလိုလားလား ရှိကြတယ်လို့လည်း ကျွန်တော့်အနေနဲ့ ကြားသိရပါတယ်။

ဒါမှသာ အသစ်ဝင်လာတဲ့သူနဲ့ လက်ရှိရှိပြီးသား ဘိုးစဉ်ဘောင်ဆက် နေထိုင်လာတဲ့ ပုဂ္ဂိုလ်တွေနဲ့ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ ဒီအပြင် ၁၉၈၂ ခုနှစ် ဥပဒေနဲ့ အကျုံးဝင်တဲ့ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရပြီးတော့ မြန်မာတစ်နိုင်ငံလုံးမှာ အသိအမှတ်ပြုခံရပြီဆိုလို့ရှိရင် မြန်မာတစ်နိုင်ငံလုံးကို အခြားနိုင်ငံသားများကဲ့သို့ လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုဖို့ လိုပါတယ်။ သို့မှသာ လက်ရှိအခြေအနေ အရ ရခိုင်ပြည်နယ်မှာ ပိတ်လှောင်ထားခြင်းခံရသလို ဖြစ်နေရင် ဒီအခက်အခဲကို ရခိုင်လူမျိုးများအပေါ်မှာ ကြီးစွာသော ဝန်ထုပ်ဝန်ပိုးကို ဖြစ်စေပါတယ်။ ဒီဝန်ထုပ်ဝန်ပိုးကြီးကို ကျွန်တော်တို့ တစ်နိုင်ငံလုံးက မျှထမ်းဖို့လိုပါတယ်။

ဒါမှသာ ရခိုင်တိုင်းရင်းသားများဟာ အသက်ရှူချောင်မယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ အထူးသဖြင့် တင်ပြလိုတာကတော့ သီလဝါလို အသစ်တည်ဆောက်တဲ့ စက်မှုဇုန်ကြီးများကို ရခိုင်ပြည်နယ်မှာသာ ဆောက်ပေးလိုက်မယ်ဆိုလို့ရှိရင် ရခိုင်တိုင်းရင်းသားတွေ ရခိုင်လူမျိုးတွေဟာ မိမိဒေသက လွဲပြီးတော့မှ ဘယ်မှစွန့်ခွာသွားတော့မှာ မဟုတ်ပါဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်အား ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေ တစ်ရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အဆိုကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးမောင်သာခင် က ထောက်ခံပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူမရှိပါ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးလှဆွေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၄း၃၆ နာရီအချိန်တွင် ရပ်နားပါသည်။]